ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်၊ တနင်္လာနေ့ (12-7-2010) (၆၄၅၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်သည့် (၅၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယ၌ နှစ်နိုင်ငံခေါင်းဆောင်များ သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဇူလိုင် ၁၂

၂၀၁၀ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် (၅၅)နှစ်မြောက် အထိမ်းအမှတ် အခါသမယ၌ နှစ်နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများကို အပြန်အလှန်ပေးပို့ခဲ့ကြသည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလေဆိုင်ညဆွန်ထံသို့ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးတည်ထောင်မှု (၅၅)နှစ်ပြည့်မြောက်သည့် ထူးမြတ်မင်္ဂလာရှိသော ဤအခါသမယတွင် မိမိနှင့် မြန်မာနိုင်ငံပြည်သူများက လာအိုပြည်သူများထံသို့ အဆွေတော်မှတစ်ဆင့် နွေးထွေးစွာ ဂုဏ်ပြုနှုတ်ခွန်းဆက်သအပ်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလေဆိုင်ညဆွန်ထံမှ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်သည့် (၅၅)နှစ်မြောက် အခါသမယ၌ အဆွေတော်နှင့် ညီအစ်ကို မြန်မာပြည်သူများအားလုံး သာယာဝပြောရေးကို ရှေးရှုလျက် နိုင်ငံတော်ကာကွယ်တည်ဆောက်ရေးတွင် အောင်မြင်မှုသစ်များပိုမိုရှိစေရန် **စာမျက်နှာ ၃ ကော်လံ ၄ သို့** ❒

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ခရိုင်ချင်းဆက်လမ်း အမှတ်(၃)နှင့် မုံရွာစက်မှုဇုန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၁

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ ထွက်ခွာလာပြီး နံနက် ၉ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပင်မတမံရှုရပ်မှ ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှု အခြေအနေ၊ ရေလွှဲတမံ၊ စက်ရုံရေထုတ်မြောင်း၊ ရေပိုလွှဲ၊ ဓာတ်အားပေးစက်ရုံနှင့် Switchyard တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓာတ်အားပေးစက်ရုံ (Power House)အတွင်း စက်အမှတ်(၃)နှင့် စက်အမှတ်(၄) တို့၏ ရေအားလျှပ်စစ်တာဘိုင်စက်အစိတ်အပိုင်းများ တပ်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**❖

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)

၁၂-၇-၂၀၁၀
(တနင်္လာနေ့)

ရှေးဟောင်းသမိုင်း သုတေသနပြုလေ့လာ

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုသည် မွေးဖွားကြီးပြင်းချိန်မှ သေဆုံးချိန်အတွင်း လူသားတို့ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းများ၊ ပြောဆိုခဲ့သော ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများမှသည် လူမှုဆက်ဆံရေး၊ ရိုးရာဓလေ့ထုံးစံ၊ အတွေးအခေါ်၊ လက်မှုပညာနှင့် အနုသုခုမပညာတို့အထိ လွှမ်းခြုံဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သည်။ ကိုယ်ပိုင်နယ်နိမိတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်ထိန်းသိမ်းလာခဲ့သည်ကို မြေပေါ်ယဉ်ကျေးမှု အမွေအနှစ်များ၊ မြေအောက်မှ တူးဖော်ရရှိခဲ့သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များက ခိုင်ခိုင်မာမာ ညွှန်ပြနေပေသည်။

နိုင်ငံတော်က မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နေသည်။ ရှေးမြန်မာဘုရင်များ၏ နန်းတော်နှင့် မြို့ရိုးများ တူးဖော်ခြင်း၊ ကျောက်စာ၊ မော်ကွန်းဝင် ပေပုရပိုက်များ စုစည်းထိန်းသိမ်းခြင်း၊ ရှေးဟောင်းမြို့တော်များ တူးဖော်သုတေသနပြုခြင်းလုပ်ငန်းများနှင့် ရှေးဟောင်းသမိုင်း အထောက်အထားများ သုတေသနစာတမ်း ဖတ်ကြားခြင်းများ ပြုလုပ်လျက်ရှိသည်။

ယင်းသို့ ကွင်းဆင်းသုတေသနပြုမှုများ၏ အကျိုးရလဒ်အဖြစ် "မြန်မာအစ မြန်မာက"ဆိုသည်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီ။ မြန်မာနိုင်ငံအလယ်ပိုင်း ကျောက်ခေတ်လယ် ယဉ်ကျေးမှုထွန်းကားခဲ့ကြောင်း အထောက်အထားများ တွေ့ရှိခဲ့ပြီ။ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့တွင် ကြေးခေတ်နှင့် သံခေတ်ယဉ်ကျေးမှု အထောက်အထားများကို တွေ့ရှိခဲ့ရာ ဆက်လက်သုတေသနပြုလေ့လာနေဆဲဖြစ်သည်။

ပရိုင်းမိတ်၊ ကျောက်ခေတ်လယ်၊ ကြေးခေတ်၊ သံခေတ်သုတေသနပြုတွေ့ရှိချက်များသည် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့သမိုင်းစဉ်အတွက် ခိုင်မာသည့် အဖိုးတန် အထောက်အထားများဖြစ်သည်။ မြန်မာ့မြေ မြန်မာ့ရေပေါ်တွင် ပေါက်ဖွားရှင်သန်လှုပ်ရှားလည်နေထိုင်ခဲ့ကြသည့် မြန်မာတို့၏ ဇာစ်မြစ်၊ မြန်မာတို့၏ ဇာတိနှင့်အတူ မြန်မာ့ယဉ်ကျေးမှုသမိုင်း ခိုင်မာမှုကို ထုတ်ဖော်ညွှန်ပြနိုင်ပြီဖြစ်သည်။

နိုင်ငံတော်က ဘိုးဘွားအမွေအနှစ် ယဉ်ကျေးမှုဆိုင်ရာများကို အစဉ်တစိုက် သုတေသနပြု ဖော်ထုတ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ လူသားမျိုးနွယ်အစ ဖြစ်တည်ထွန်းကားလာမှုမှသည် သမိုင်းအကြိုခေတ်၊ ပျူယဉ်ကျေးမှု ထွန်းကားခဲ့ရာကာလ၊ မျက်မှောက်ခေတ်ကာလအထိ ခေတ်စဉ်အတိုင်း ဆက်လက်လေ့လာ သုတေသနပြုနိုင်ခြင်းဖြင့် မြန်မာ့သမိုင်းစဉ်ကို ဖော်ထုတ်ရေးသား မှတ်တမ်းတင်နိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပါသည်။ ။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၅)ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဇူလိုင် ၁၁

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၅)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မြတ်ဘုန်း(တပ်ကုန်း)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မလေး(မုံရွာ)၊ ဘွင်းဘွင်း၊ မျိုးခိုင်(မူဆယ်)၊ ရွှေမြိုင်ပြုံးလဲ့မော်၊ မင်းသွေးနွယ်(ဇီးကုန်း)၊ မောင်ငြိမ်းရည် (မင်းကင်း)၊ မောင်ပြည့်စွမ်း (ပင်လယ်ဘူး)၊ ရွှေအဲ့လေးငယ်တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ သာနိုင်အောင် (ကျိုက်မရော)၊ မြင်းမူကံရင်၊ ကေတီစိုး (O.S)၊ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၊ လှိုင်မြင့်ဦး၊ မှူးခင်(ရွှေပြည်သာ)၊ ရွှေယင်းမြေ-ခင်စံပယ်ဖြူ၊ လယ်တွင်းသားစောချစ်၊ သန်းဝင်းလှိုင်၊ တက္ကသိုလ်စိုးယဉ်၊ မောင်သာမန် (ဇီးကုန်း)၊ စစ်ကိုင်းစိမ်းစိမ်း၊ စံသူမြတ် (သုံးဆယ်)၊ စိုးလွင်(ဝါးခယ်မ)၊ ပျော်ဘွယ်မောင်အေး၊ လွန်းပိုးအိမ်(ပျဉ်ပုံကြီး)၊ မြင့်လွင် (ဂျပန်ဘာသာ)၊ ငြိမ်းချမ်းအေး (သီပေါ)၊ ထွေးကြည်(သလ္လာဝတီ)၊ ဖွဲ့နေရောင်ခြည်၊ နန္ဒာခင်(သက္ကလမြေ)၊ မင်းဝတီမိုး၊ ယဉ်မွှေးပန်း(ဟဲဟိုး)၊ ခနုတ်ကိုကိုဇော်၊ အောင်ကျော်ဆန်း၊ ကျော်(စက်မှု)၊ တင်ထွန်းလှိုင်(မြစ်သား)၊ အောင်ဇင်၊ တင်အောင်ဝင်း၊ မောင်တင်ယု၊ ဖွဲ့နေ၊ ရေချမ်း၊ စောဟန်၊ သာဇေ၊ နိုင်မိုး(လုံးခင်း)၊ ဒဂုံကြည်ဇော်၊ လွမ်းနီနိုင် (တောင်ကုတ်)၊ မင်းသက်ခိုင်(ဝက်လာ)၊ နတ်မောက်ကြည်မြိုင်၊ ရွှေနေမင်း(အနုပညာအမြုတေရပ်ဝန်း)၊ ဝဏ္ဏဦး(ဧရာမြေ)၊ ဦးငွေအောင်မွန်၊ ကြည်တင့်နိုင်၊ တွန်းအားရှင်၊ လူမွန်(ပခုက္ကူ)၊ မြင်းမူဖိုးကြော့၊ မောင်သျှင်နှောင်း၊ မန်းတင့်မော်၊ မိုးပြို (မင်းပြား)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာပန်းရုံရိပ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ တောဓလေ့စာပန်းချီ၊ ရုပ်ရှင်အနုပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာ သတင်းကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသ စုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉-၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ် ထူးချွန်အားကစားသမားဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၁

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးနှင့်အထက် ထူးချွန်ဆုရရှိသူ ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ခြင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ပြည်တွင်း/ပြည်ပပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိသည့် ထူးချွန်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးမောင်ဦးနှင့် ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးတို့က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ ဝန်ထမ်းသားသမီးများအား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ငါးဘာသာ၊ လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး ၂၀၁၀ - ၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ကြသည်။

ယင်းနောက် ဝန်ကြီး ဦးမောင်ဦးက ရွှေတံဆိပ်ဆုရ အမျိုးသားအားကစားသမားများအား လည်းကောင်း၊ ဝန်ကြီး၏ဇနီးက ရွှေတံဆိပ်ဆုရ အမျိုးသမီးအားကစားသမားများအား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ထူးချွန်အားကစားသမား ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ဆုချီးမြှင့်ခြင်းခံရသူ ဝန်ထမ်းသားသမီးများမှာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၃၃ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၅၈ ဦးနှင့် ပြည်ပအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ လေးဦး၊ ပြည်တွင်းအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိသူ ၇၁ ဦး ဖြစ်ကြောင်းနှင့် ဆုချီးမြှင့်ငွေ စုစုပေါင်းမှာ ငွေကျပ် ၄၅၄ သိန်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ခရမ်းမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၈ရက် နံနက် ၈ နာရီတွင် ခရမ်းမြို့ရှိ ပြဟ္မစိုရ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခရမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ခင်က သင်တန်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်လုပ်ငန်းတာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပို့ချကြသည်။

သင်တန်းတွင် ခရမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၅၂၄ ဦးတို့ တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ သင်တန်းဖွင့်ပွဲတွင် ခရမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ခင် ရှင်းလင်းဆွေးနွေးစဉ်။

(မြို့နယ်ပြန်/ဆက်)

ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ဗိုလ်ချုပ်လမ်း လမ်းဘေးဝဲ၊ ယာတွင် အဖွဲ့ပိုင်မြေတူးစက်ဖြင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်ထွေး ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်၍ အသက်(၈၀)နှစ်နှင့် အထက်ရှိ အသင်းဝင်များနှင့် မိဘများ၏ အမည်စာရင်း၊ ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ၏ အမည်စာရင်းများကို ဇူလိုင် ၂၀ ရက် နောက်ဆုံးထား၍ ဦးမြင့်အောင်(နာယက) ဖုန်း-၇၂၃၈၄၉၊ ဦးစံတင်(နာယက) ဖုန်း-၇၀၉၂၀၈၊ ဦးထွန်းသိန်း(ဥက္ကဋ္ဌ) ဖုန်း-၃၈၀၉၆၁၊ ဦးမင်းရွှေ(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၉၉၂၃၉၊ ဦးသန်းရွှေ(အတွင်းရေးမှူး) ဖုန်း-၀၁-၇၃၀၂၄၁၉၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၇-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၆။ စိုက်ပျိုးသုတ
- ၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၂၉)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ Talk Of The Town
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၆၀)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

❋ ရှေ့ဖုံးမှ

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တည်ထောင်ပြီးချိန်မှစ၍ ပြီးခဲ့သည့် (၅၅)နှစ်တာကာလအတွင်း တန်းတူရည်တူရှိမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် စိတ်ရင်းစေတနာအမှန်ဖြင့် ပူးပေါင်းဆောင်ရွက်မှုတို့ကိုအခြေခံ၍ အိမ်နီးချင်းညီအစ်ကိုဆက်ဆံရေးကို ကျွန်ုပ်တို့ ဖော်ဆောင်နိုင်ခဲ့ပါသည်။

မိမိတို့ အိမ်နီးချင်းနှစ်နိုင်ငံအကြား ဝိသေသထူးခြားသည့်ဆက်ဆံရေးကို နှစ်နိုင်ငံပြည်သူများ အကြားရှိ တူညီသောဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းတို့ကိုအခြေခံ၍ ဆောက်တည်ခဲ့ခြင်း ဖြစ်ပါသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၏ မကြာမီက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့်ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူတို့၏အကြား တည်ရှိသည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေရန် တွန်းအားကောင်းတစ်ခုဖြစ်ပါသည်။

အဆွေတော် ကျန်းမာစေရန်နှင့် လာအိုပြည်သူများ ဆက်လက်တိုးတက် သာယာဝပြောစေရန် အခွင့်ကြုံခိုက် ဆုမွန်ကောင်းပို့သအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဗိုရာချစ်ထံသို့ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တည်ထောင်သည့် (၅၅)နှစ်မြောက် မင်္ဂလာအခါသမယတွင် အဆွေတော်အား နွေးထွေးစွာ ဂုဏ်ပြုနှုတ်ခွန်းဆက်သအပ်ပါသည်။

ယခုကျရောက်သည့် နှစ်နိုင်ငံဆက်ဆံရေး တည်ထောင်သည့် (၅၅)နှစ်မြောက် အခါသမယသည် နှစ်နိုင်ငံအကြား တည်ရှိသည့် အိမ်နီးချင်းကောင်းပီသမှု၊ ကောင်းမွန်သည့် ထုံးတမ်းစဉ်လာ ဆက်ဆံရေးနှင့် နှစ်နိုင်ငံအပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုခိုင်မာစေရန်အတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်ဟု ခိုင်မာစွာ ယုံကြည်ပါသည်။

သံတမန်ဆက်ဆံရေး တည်ထောင်ချိန်မှစ၍ နှစ်နိုင်ငံအကြား နီးကပ်သည့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထောက်ခံပေးမှုများသည် နှစ်နိုင်ငံဆက်ဆံရေးကို ဖော်ဆောင်ခဲ့သည့် သွင်ပြင်လက္ခဏာများပင်ဖြစ်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် လုပ်ငန်းဆောင်တာများတွင် ပိုမိုတိုးတက်အောင်မြင်စေရန် အခွင့်ကြုံခိုက် ဆုမွန်ကောင်းပို့သအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းထံသို့ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် (၅၅)နှစ်မြောက် မင်္ဂလာရှိသော ဤအခါသမယတွင် အဆွေတော်နှင့်တကွ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရထံသို့ မိမိနှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရမှ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သ ဂုဏ်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့်ချိန်မှစ၍ နှစ်နိုင်ငံအကြား တည်ရှိလျက်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်မားသည့်အဆင့်သို့ ရောက်ရှိစေရေးအတွက် တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါသည်။

မကြာမီက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်သည် မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက် ခိုင်မာစေပါသည်။ ယနေ့အချိန်အခါတွင် အာဆီယံ၊ စီအယ်လ်အမ်ဗွီ၊ ဂျီအမ်အက်စ်၊ အက်ခ်မက်စ် စသည့် ဒေသတွင်းနှင့် ဒေသခွဲအတွင်း ပူးပေါင်းဆောင်ရွက်မှုဘောင်များအတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများသည် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနီးကပ်မှုရှိစေရန် ပံ့ပိုးပေးလျက်ရှိပါသည်။

နောင်လာမည့်နှစ်များတွင်လည်း မိမိတို့နှစ်နိုင်ငံ ပူးပေါင်းအားထုတ်မှုဖြင့် နှစ်နိုင်ငံ ထူးခြားကောင်းမွန်လှသည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုခိုင်မာ တိုးတက်ဖြစ်ထွန်းလာလိမ့်မည်ဟု အခိုင်အမာ ယုံကြည်မိပါသည်။

အဆွေတော် ကျန်းမာရွှန်လန်းစေရန်အတွက်လည်းကောင်း၊ လာအိုပြည်သူများ စည်ပင်သာယာဝပြောစေရန်အတွက်လည်းကောင်း အခါအခွင့်ကြုံခိုက် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ်ထံသို့ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် (၅၅)နှစ်မြောက် မင်္ဂလာအခါသမယတွင် အဆွေတော်အား နွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

လွန်ခဲ့သည့် (၅၅)နှစ်ကို ပြန်ပြောင်းကြည့်မည်ဆိုပါက နှစ်နိုင်ငံအကြားတွင် တည်ရှိလျက်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်မြင့်မားသောအဆင့် ရောက်ရှိရေးအတွက် ဘက်ပေါင်းစုံတွင် နှစ်နိုင်ငံ လက်တွဲကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါသည်။

နှစ်နိုင်ငံချင်းသာမက ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ခိုင်မာသည့်ဆက်ဆံရေးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုတို့ကို မိမိတို့ တည်ဆောက်နိုင်ခဲ့ကြပါသည်။

လာမည့်နှစ်များတွင်လည်း မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏အကျိုးအတွက် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ကောင်းမွန်သော ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မြဲစေရန် မြှင့်တင်ဆောင်ရွက်သွားမည်ဟု ဆန္ဒပြုပါကြောင်းကိုလည်း ထပ်လောင်းအတည်ပြုအပ်ပါသည်။

❒ ရှေ့ဖုံးမှ

လာအိုနိုင်ငံနှင့် ပြည်သူများ၏ကိုယ်စား နွေးထွေးစွာ နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လွန်ခဲ့သည့် နှစ်(၅၅)နှစ်အတွင်း မိမိတို့နှစ်နိုင်ငံအကြား ထုံးတမ်းစဉ်လာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းပီသမှု၊ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှုများသည် ကဏ္ဍစုံတွင် ပိုမိုကောင်းမွန်လာခဲ့ပြီး နှစ်နိုင်ငံပြည်သူများအတွက် ခိုင်မာသည့်အကျိုးအမြတ်များ ဖော်ဆောင်ပေးသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ရပါသည်။

မိမိတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအပြန်အလှန်အကျိုးအတွက် နှစ်နိုင်ငံပြည်သူများအကြား တည်ရှိသည့် ကောင်းမွန်သော ဆက်ဆံရေး၊ နီးကပ်၍ အပြန်အလှန်ယုံကြည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆက်လက်တိုးတက်မြင့်မားစေပြီး ထိုမှတစ်ဆင့် ဒေသတွင်းနှင့် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းတည်ငြိမ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပံ့ပိုးပေးနိုင်မည်ဟု ခိုင်မာစွာယုံကြည်ပါသည်။

ယခုကဲ့သို့ မိမိတို့နှစ်နိုင်ငံအကြား သမိုင်းအစဉ်အလာအရ ထူးမြတ်သည့်အခါသမယတွင် အဆွေတော် အစဉ်ကျန်းမာပျော်ရွှင်စေရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက် စည်ပင်သာယာဝပြောစေရန်အတွက် ဦးဆောင်မှုများပေးသွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဘိုရာချစ်ထံမှ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်သည့် (၅၅)နှစ်မြောက် အခါသမယတွင် အဆွေတော်ထံသို့ ဆုမွန်ကောင်းများ ပို့သလျက် နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့် (၅၅)နှစ်တာ ကာလအတွင်းတွင် မိမိတို့နှစ်နိုင်ငံအကြား ကောင်းမွန်သည့် အိမ်နီးချင်းကောင်းပီသစွာ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးသည် အဆက်မပြတ် ခိုင်မာလျက်ရှိပြီး မြန်မာ-လာအို နှစ်နိုင်ငံ ပြည်သူများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးအမြတ်များ ဖော်ဆောင်ပေးသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ရပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ထုံးတမ်းစဉ်လာအရ ချစ်ကြည်ရင်းနှီးမှု၊ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ယုံကြည်မှုများသည် နောင်လာမည့်နှစ်များတွင်လည်း ပိုမိုခိုင်မြဲနက်ရှိုင်းလာမည်ဟု မိမိ ယုံကြည်မိပါသည်။

ယခုကဲ့သို့ မိမိတို့နှစ်နိုင်ငံအကြား မင်္ဂလာရှိသော၊ အဓိပ္ပာယ်လေးနက်သော ဤအခါသမယတွင် အဆွေတော် အစဉ်ကျန်းမာရွှင်လန်းစေရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စည်ပင်သာယာဝပြောစေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းထံမှ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သံတမန် အဆက်အသွယ်ထူထောင်သည့် (၅၅)နှစ်မြောက် အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား ဆုမွန်ကောင်းတောင်းလျက် နွေးထွေးစွာ နှုတ်ခွန်းဆက်သ ဂုဏ်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှုများသည် လွန်ခဲ့သော (၅၅)နှစ်တာကာလအတွင်း ပိုမိုတိုးတက်လာလျက်ရှိသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ရပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်စေရန် ငြိမ်းချမ်းတည်ငြိမ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် မိမိတို့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် မိမိတို့နှစ်နိုင်ငံအကြား အစဉ်အလာအရ ကောင်းမွန်သည့်ဆက်ဆံရေး ပိုမိုခိုင်မာစေမည်ဟု မိမိယုံကြည်ပါသည်။

ယခုကဲ့သို့ သမိုင်းမှတ်တိုင်သစ်တစ်ခုဖြစ်သည့် ဝမ်းမြောက်ဖွယ် ဤအခါသမယတွင် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး အစွန့်ရှည်တည်တံ့စေရန်နှင့် အဆွေတော် ကျန်းမာရွှင်လန်း၍ လုပ်ငန်းများ အောင်မြင်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ်ထံမှ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်သည့် (၅၅)နှစ်မြောက် အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာနကိုယ်စား ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့် (၅၅)နှစ်တာကာလအတွင်း တိုးတက်ဖြစ်ထွန်းလျက်ရှိသည့် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများ တစိုက်မတ်မတ် တိုးတက်ခိုင်မာလျက်ရှိသည်ကို မိမိအနေဖြင့် များစွာ နှစ်သက်ကျေနပ်မိပါသည်။ တစ်ချိန်တည်းမှာပင် နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်စေရန် ငြိမ်းချမ်းတည်ငြိမ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်နိုင်ရေးအတွက် ယုံကြည်မှုရှိသော အိမ်နီးချင်းကောင်းများအနေဖြင့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်အလို့ငှာ အဆွေတော်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

ယခုကဲ့သို့ သမိုင်းစဉ်လာထူးခြားသည့် ဤအခါသမယတွင် အခါအခွင့်ကြုံခိုက် အဆွေတော်နှင့်တကွ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းအားလုံး ကျန်းမာရွှင်လန်း၍ မွန်မြတ်သည့်လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗုံးခြိမ်းခြောက်မှုကြောင့် ပြင်သစ်ခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်

ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၁

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မှ ပါရီမြို့သို့ ဦးတည်ပျံသန်းလာသော ပြင်သစ်လေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းသည် ဗုံးခွဲတိုက်ခိုက်မည်ဟူသော ခြိမ်းခြောက်မှုတစ်ရပ်ကြောင့် ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း၌ စနေနေ့က အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်။

ဘေးမသီရန်မခ

အဆိုပါလေယာဉ်ပေါ်ပါ ခရီးသည် ၄၀၅ ဦးနှင့် လေယာဉ်အမှုထမ်း ၁၈ ဦးတို့သည် ဘေးမသီရန်မခ မြေပြင်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ယင်းလေယာဉ်ဆင်းသက်ခဲ့ရာ ဘရာဇီးနိုင်ငံ ရီဆစ်ဖီမြို့ လေဆိပ်အာဏာပိုင်များက ပြောကြားသည်။

လက်ခံရရှိခဲ့

လေယာဉ်ပေါ်တွင် ဖောက်ခွဲရေးပစ္စည်းတစ်မျိုးပါရှိလာကြောင်း ခြိမ်းခြောက်မှုတစ်ရပ်ကို လေယာဉ်အမှုထမ်းများက လက်ခံရရှိခဲ့ကြောင်း ပြင်သစ်လေကြောင်းလိုင်းက အတည်ပြု ပြောကြားသည်။

ရီဆစ်ဖီလေဆိပ်သို့ ဆင်းသက်ခဲ့ပြီးနောက် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် မည်သည့်ဖောက်ခွဲရေးပစ္စည်းမျှ မတွေ့ရှိခဲ့ခြင်းကြောင့် ယင်းခရီးသည်တင်လေယာဉ်သည် တနင်္ဂနွေနေ့ ညပိုင်းတွင် မူလခရီးစဉ်ကို ဆက်လက်ပျံသန်းခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီးနိုင်ငံ ရီဆစ်ဖီလေဆိပ်၌ ဗုံးခြိမ်းခြောက်မှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရသော ပြင်သစ်ခရီးသည်တင်လေယာဉ်ကို ဇူလိုင် ၁၀ ရက်က တွေ့ရစဉ်။

ငါးစာအလို့ငှာအသုံးချရန် တံငါသည်များ၏ ဖမ်းဆီးသတ်ဖြတ်မှုခံနေရသော အမေဇုန်လင်းပိုင်တစ်ကောင်ကို တွေ့ရစဉ်။

အမေဇုန်လင်းပိုင်များ ငါးစာအဖြစ်အသုံးပြုရန် ဖမ်းဆီးသတ်ဖြတ်ခံနေရ

ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၁

အမေဇုန်မြစ်တွင်းနေ လင်းပိုင်ငါးများသည် ၎င်းတို့၏ယဉ်ပါးမှုနှင့် စူးစမ်းလိုစိတ်များကြောင့် တံငါသည်များက အလွယ်တကူဖမ်းဆီးနိုင်သော သားကောင်များဖြစ်နေကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြသည်။

ဖမ်းဆီးသတ်ဖြတ်

တံငါသည်များသည် အမေဇုန်လင်းပိုင်များကို ဖမ်းဆီးသတ်ဖြတ်ကာ ယင်းတို့၏အသားကို ငါးစာအဖြစ် အသုံးပြုနေကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေဇုန်မြစ်တွင်းမှ တစ်ပါးအခြားသော ကမ္ဘာ့ဒေသများတွင် ပျောက်ကွယ်သွားပြီဖြစ်သည့် ယင်းလင်းပိုင် မျိုးစိတ်များ၏ ရှင်သန်မှုသည် ခြိမ်းခြောက်ခံနေရပြီဖြစ်ကြောင်း သုတေသီများက လေ့လာတွေ့ရှိခဲ့သည်။

ကျဆင်းသွားမည်

တံငါသည်များ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို မတားဆီးနိုင်ပါက အမေဇုန်လင်းပိုင်များ၏ ကောင်ရေသည် သိသိသာသာ ကျဆင်းသွားမည်ဖြစ်ကြောင်း ရေနေနို့တိုက်သတ္တဝါကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

လေ့လာခဲ့

အမေဇုန်မြစ်တွင်းနေ လင်းပိုင်များကို ၁၇ နှစ်ကြာမျှ လေ့လာခဲ့ရာတွင် စည်းကမ်းမဲ့ ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် နှစ်စဉ်ကောင်ရေ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ဆိုသည်။

အင်တာနက်။

ကြေးမုံ နိုင်ငံတကာ သတင်းများ

အစ္စရေးနိုင်ငံအတွင်းမှ ပစ်မှတ်များစာရင်း ဟစ်ဇ်ဘိုလာစစ်သွေးကြွအုပ်စု ရထားဟုဆို

ဘေရွတ် ဇူလိုင် ၁၁

ဟစ်ဇ်ဘိုလာ စစ်သွေးကြွအုပ်စုသည် အနာဂတ်တွင်ဖြစ်ပွားလာနိုင်မည့်စစ်ပွဲများအတွက် အစ္စရေးနိုင်ငံအတွင်းမှ စစ်ဘက်ဆိုင်ရာပစ်မှတ်များစာရင်းကို သတ်မှတ်ထားပြီးဖြစ်ကြောင်း ယင်းအဖွဲ့၏ ထိပ်တန်း တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယခုရက်သတ္တပတ်အတွင်း အစ္စရေးကထုတ်ပြန်ခဲ့သော ဟစ်ဇ်ဘိုလာ၏ လက်နက်တိုက်များကို ဖော်ပြထားသော ကောင်းကင်ဓာတ်ပုံများနှင့်ပတ်သက်၍ လက်ဘနွန်နိုင်ငံတောင်ပိုင်း အခြေစိုက် ဟစ်ဇ်ဘိုလာ တပ်မှူးတစ်ဦးက ထုတ်ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် ၎င်း၏ထောက်လှမ်းရေးဓာတ်ပုံများကို ၂၀၀၆ ခုနှစ် ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ဖြစ်ပွားခဲ့သောစစ်ပွဲတွင် အစ္စရေးက အောင်နိုင်ခဲ့သည့်အထိမ်းအမှတ်ပွဲနှင့်အချိန်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ပြောကြားသည်။

အင်တာနက်။

ဂါဇာသို့သွားမည့်သင်္ဘောကိုတားရန် အစ္စရေးကြိုးပမ်းလျက်ရှိ

ဂျေရုဆလင် ဇူလိုင် ၁၁

ဂါဇာကမ်းမြောင်ဒေသအား ၎င်းတို့က ပိတ်ဆို့ထားခြင်းကို ထိုးဖောက်ဝင်ရောက်မည့် အကူအညီပေးရေး သင်္ဘောတစ်စင်းကို ရပ်တန့်ရန် ကြိုးပမ်းသည့်အနေဖြင့် အစ္စရေးအစိုးရက ကုလသမဂ္ဂကို စာတစ်စောင်ပေးပို့၍ ဂရိ၊ မော်လ်ဒိုဗာနိုင်ငံတို့နှင့်ဆွေးနွေးရန် ဆက်သွယ်လျက်ရှိသည်။

လစ်ဗျားခေါင်းဆောင် ဗိုလ်မှူးကြီး ဂဒါဖီ၏သားကြီးမှူးသော စေတနာရှင်အဖွဲ့တစ်ဖွဲ့က ငှားရမ်းခဲ့သည့် မော်ဒိုဗာအလံလွှင့်ထူထားသော "အေမယ်လ်သီယာ"သင်္ဘောသည် ဂရိနိုင်ငံ လာဗရီအိုဆိပ်ကမ်းမှ စနေနေ့တွင် ထွက်ခွာမည်ဖြစ်သည်။

ယင်းသင်္ဘောသည် ဂါဇာသို့ရောက်ရှိမည်မဟုတ်ဟု ယုံကြည်ကြောင်း အစ္စရေးကပြောကြားသည်။

"အေမယ်လ်သီယာ"ပေါ်တွင် စားသောက်ကုန်များ၊ စားသုံးဆီများ၊ ဆေးဝါးများနှင့်အသင့်ဆောက်လုပ်ပြီးအိမ်များစုစုပေါင်းတန်ချိန် ၂၀၀၀ခန့်တင်ဆောင်ထားသည်။ *အမ်အင်အေ၊ရိုက်တာ။*

အာဖဂန်အရှေ့ပိုင်းတွင် လက်နက်ကိုင်များ လက်ချက်ဖြင့် အရပ်သား ၁၃ ဦးသေဆုံး

ခို့စ်(အာဖဂန်နစ္စတန်) ဇူလိုင် ၁၁

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ ပက်တီယာပြည်နယ်တွင် အရပ်ဘက်ကားတစ်စီးကို အမည်မသိ လက်နက်ကိုင်များက ပစ်ခတ်တိုက်ခိုက်ရာ အရပ်သား ၁၃ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ရိုဟာလက်ချ်ဆာမွန်းက စနေနေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ပက်တီယာပြည်နယ် ချမ်ကာနီခရိုင်တွင် စနေနေ့ ဒေသစံတော်ချိန် နံနက် ၁၁နာရီခန့်က အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ပါကစ္စတန် ၁၁ဦး အပါအဝင် အရပ်သား ၁၃ဦးသေဆုံးကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းဖြစ်စဉ်ကြောင့် အပြစ်မဲ့အရပ်သားသုံးဦးထက်မနည်း ဒဏ်ရာရရှိသွားသည်။

တိုက်ခိုက်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အပူလွန်ကဲမှုကြောင့် ရထားစီးခရီးသည်များကို အရေးပေါ်ကယ်ဆယ်ခဲ့ရ

ဘာလင် ဇူလိုင် ၁၁

ဥရောပတိုက်တစ်လွှား အပူလှိုင်းကျရောက်စဉ် လေအေးပေးစနစ်ပျက်စီး၍ အပူချိန်လွန်ကဲနေသော ရထားတစ်စင်းပေါ်မှ ခရီးသည် ဒါဇင်ပေါင်းများစွာကို ကယ်ထုတ်ပေးခဲ့ရကြောင်း ဂျာမနီအာဏာပိုင်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဂျာမနီနိုင်ငံအနောက်ပိုင်းဘီလာဖေးမြို့၌ ခရီးသည် ၄၄ ဦးကို ရထားတွင်းမှ ကယ်ထုတ်ခဲ့ရပြီး ဆေးကုသမှုပေးခဲ့ရကြောင်း သတင်းများတွင်ဖော်ပြသည်။

မြင့်တက်လာ

ရထားအပူချိန်သည် ၁၂၂ ဒီဂရီဖာရင်ဟိုက်အထိ တက်လာခဲ့ပြီး ရထားပြတင်းပေါက်များကိုလည်း အဖွင့်အပိတ်လုပ်၍ မရခဲ့ကြောင်း ဒေသခံကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

ဂျာမနီနိုင်ငံ၌အပူလှိုင်းကျရောက်လျက်ရှိပြီး နိုင်ငံတစ်ဝန်း ပျမ်းမျှအပူချိန်သည် ၁၀၄ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်လျက်ရှိသည်။

အင်တာနက်။

၁၉၁၉ ခုနှစ်၌ စတင်စိုက်ပျိုးသောပန်းပင် ၉၁နှစ်အကြာ ၂၀၁၀ ခုနှစ်တွင်မှ အပွင့်ပွင့်

လန်ဒန် ဇူလိုင် ၁၁

အချိန်သာပေးခဲ့လျှင် ပိုးစာရွက်လေးတစ်ရွက်သည် ပိုးဝတ်ရုံတစ်ခုအဖြစ် ပြောင်းလဲသွားလိမ့်မည်ဟု တရုတ်ရှေးဟောင်းစကားပုံတစ်ခုကဆိုသည်။

ထိုစကားပုံလေးသည် ဗြိတိန်နိုင်ငံ ရိုဝဲလ်လိန်းဥယျာဉ်အတွက် မှန်ကန်နေဆဲဖြစ်သည်။ ၁၉၁၉ ခုနှစ်ကပင် ယင်းဥယျာဉ်မှ ဥယျာဉ်မှူးများသည် တရုတ်ဆိတ်ချိုပင်တစ်ပင်ကို စိုက်ပျိုးခဲ့ပြီး တစ်နေ့နေ့တွင် ပန်းပွင့်လာနိုးဖြင့် မျှော်တလင့်လင့်စောင့်ဆိုင်းခဲ့ကြသည်။

(၉၁)နှစ်ကြာပြီးနောက် ယခုနှစ်ဇွန်လအတွင်း ယင်းပန်းပင်မှ ပန်းဖူး စတင်ထွက်ပေါ်လာကြောင်း ရိုဝဲလ်လိန်းဥယျာဉ်မှ ဥယျာဉ်မှူးအကြီးအကဲက ဆိုသည်။

တရုတ်ပန်းပင်မှပန်းဖူးလေးသည် မည်သည့်အသွင် မည်သည့်အလှမျိုးဖြင့် ပွင့်ဖူးလာမည်ကို ဥယျာဉ်မှူးများက စိတ်လှုပ်ရှားစွာဖြင့် အနီးကပ်စောင့်ကြည့်ခဲ့ကြသည်။ ဇူလိုင် ၄ ရက်တွင် တရုတ်ဆိတ်ချိုပန်းလေးသည် စိုက်ပျိုးပြီး (၉၁)နှစ်အကြာတွင် ပွင့်အာခဲ့ပြီဖြစ်သည်။

မှတ်တမ်းများအရ တရုတ်ဆိတ်ချိုပန်းမျိုးများကို တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှ အပင်စုဆောင်းသူတစ်ဦးက ယူဆောင်လာခြင်းဖြစ်သည်။ ၁၉၁၉ခုနှစ်တွင် စတင်စိုက်ပျိုးပြီး ၂၀၁၀ခုနှစ်တွင်မှ ပွင့်သောကြောင့် ယင်းပန်းပွင့်ချိန်ကို စောင့်ဆိုင်းရန် (၉၁)နှစ် ကြာမြင့်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။ *အင်တာနက်။*

စိုက်ပျိုးပြီး (၉၁)နှစ်ကြာပြီးနောက် ၂၀၁၀ခုနှစ် ဇူလိုင် ၄ ရက်တွင် စတင်ပွင့်လာသော တရုတ်ဆိတ်ချိုပန်းကို တွေ့ရစဉ်။

ဥရောပ အာကာသအေဂျင်စီ၏ အာကာသယာဉ် ရောမဂြိုဟ်သိမ်ကြီးအနီး ချဉ်းကပ်၍ဓာတ်ပုံရိုက်ယူ

ပါရီ ဇူလိုင် ၁၁

ဥရောပအာကာသ အေဂျင်စီ၏ ရိုဆက်တာ အာကာသယာဉ်သည် ရောမဂြိုဟ်သိမ်ကြီးတစ်ခုအနီးမှ ဖြတ်ပျံ၍ ဓာတ်ပုံရိုက်ယူနိုင်ခဲ့ကြောင်း တနင်္ဂနွေနေ့ သတင်းစာများတွင် ဖော်ပြသည်။

ယင်းသို့ လုပ်ဆောင်နိုင်ခြင်းကြောင့် အဆိုပါဂြိုဟ်သိမ်ကြီး ကမ္ဘာမြေကိုဝင်တိုက်မည့်ဘေးမှ ကာကွယ်နိုင်ရန်တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်မည်ဖြစ်သည်။

အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်အကြား ဂြိုဟ်သိမ်ပတ်လမ်းကြောင်းအတွင်းသို့ တစ်နာရီ ၄၇၈၀၀ကီလိုမီတာနှုန်းဖြင့် ဝင်ရောက်ခဲ့သော ရိုဆက်တာအာကာသယာဉ်သည် လူတီးရှားအမည်ရှိ ဂြိုဟ်သိမ်ကြီးနှင့်မိုင်၂၀၀၀မျှအထိ ချဉ်းကပ်ကာ ဓာတ်ပုံများရိုက်ယူနိုင်ခဲ့သည်။

လူတီးရှားဂြိုဟ်သိမ်ကို ၁၈၅၂ ခုနှစ်တွင်စတင်တွေ့ရှိခဲ့ပြီး ကောင်းကင်ယံတွင်တောက်ပသော အလင်းစက်အသွင်ဖြင့် တွေ့မြင်နိုင်သည်။ လေ့လာမှုများအရ ဂြိုဟ်သိမ်၏ အရွယ်အစားသည် အချင်း ၆၂မိုင်ရှိပြီး ၎င်း၏ဝင်ရိုးပေါ်တွင် တစ်ပတ်လည်ချိန်မှာ ၈ နာရီကြာမြင့်ကြောင်း သိရသည်။

လူတီးရှား ဂြိုဟ်သိမ်ကြီးသည် ကမ္ဘာမြေမှ မိုင်သန်းပေါင်း ၂၅၈သန်းအကွာတွင် လှည့်ပတ်ပျံသန်းနေသော ဂြိုဟ်သိမ်ကြီးတစ်ခု ဖြစ်သည်။ *အင်တာနက်။*

တစ်ပတ်အတွင်း နိုင်ငံတကာသတင်းရှုခင်း

ဗျည်းနွဲ့

အမေရိကန်နှင့် ရုရှား သူလျှိုကစားပွဲ မည်သူအနိုင်ရခဲ့ပါသလဲ

ဩစတြီးယားနိုင်ငံ ဗီယင်နာလေဆိပ်ရဲ့ လေယာဉ်ပြေးလမ်းတစ်ခုပေါ်မှာ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့မှ တာဝန်ရှိသူများဟာ သူတို့ရဲ့အသီးသီးဖမ်းမိထားတဲ့ သူလျှိုသံ့ပန်းလဲလှယ်မှုကို အခင်းအကျင်းဖြင့် ပြုလုပ်ခဲ့ကြပါတယ်။ ဒါဟာ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပြီးနောက်ပိုင်း အကြီးအကျယ်ဆုံး သူလျှိုလဲလှယ်ပွဲကြီးလို့ ကမ္ဘာ့မီဒီယာတွေက ဆိုကြပါ တယ်။

တစ်ပြိုင်တည်းမှာပဲ ရုရှားနဲ့ အမေရိကန်တို့ရဲ့ သူလျှိုကစားပွဲမှာ ဘယ်သူအနိုင်ရရှိခဲ့သလဲဆိုတဲ့ မေးခွန်းလည်းပေါ်ထွက်လာပါတယ်။ နှစ်ဖက်အပြန်အလှန်လဲလှယ်ခဲ့ကြတဲ့ သူလျှိုသံ့ပန်းအရေအတွက်က အဲဒီမေးခွန်းကို ဖြေဆိုဖို့ အဓိကမကျကြောင်းနဲ့ သူတို့ဖမ်းဆီးခဲ့တဲ့သူလျှိုတွေဆီက သတင်းအချက်အလက်ဘယ်လောက်နှိုက်ထုတ်နိုင်သလဲဆိုတဲ့ အချက်နဲ့ ပြန်ရခဲ့တဲ့ သူလျှိုတွေရဲ့ စွမ်းဆောင်နိုင်မှု အနေအထားပေါ်မှာသာ အဲဒီမေးခွန်းရဲ့ အဖြေရှိတယ်လို့ အကဲခတ်သမားများက ဆိုပါတယ်။

အမေရိကန်တို့ပြန်လည်ရရှိခဲ့တဲ့ သူလျှိုလေးဦးမှာ ရုရှားထောက်လှမ်းရေးအရာရှိဟောင်းနှစ်ဦး၊ ရုရှားနဲ့ အမေရိကန်ရှိ နျူကလီးယားလက်နက်တွေနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူပညာရှင်တစ်ဦးနဲ့ ကေဂျီဘီအဖွဲ့ဝင်ဟောင်းတစ်ဦး ပါဝင်နေတဲ့အတွက် သူတို့ဆီက ပြန်လည်ရရှိမည့်သတင်းအချက်အလက်တွေရဲ့တန်ဖိုးဟာ အမေရိကန်အတွက် ထိုက်တန်မှာဖြစ်တယ်လို့ အင်န်ဘီစီသတင်းဌာနက သုံးသပ်ခဲ့ပါတယ်။ ဒါပေမယ့် အမေရိကန်တို့ ပြန်လွှတ်လိုက်တဲ့ ရုရှားသူလျှိုတွေဆီမှာတော့ တန်ဖိုးရှိတဲ့ သတင်းအချက်အလက်တွေ ပါမသွားဘူးလို့ ဆိုတဲ့အတွက်ကြောင့် သူလျှိုကစားပွဲမှာ အနိုင်ရသူက အမေရိကန်သာဖြစ်ကြောင်း သံသယရှိဖွယ်မလိုဘူးလို့ အင်န်ဘီစီက ဆိုပါတယ်။

ဒါပေမယ့် စီအိုင်အေအရာရှိဟောင်းတစ်ဦးကတော့ သူလျှိုလဲလှယ်မှုကြောင့် ထောက်လှမ်းရေးသတင်းများ ရရှိနိုင်မှု အနေအထားမှာ ရုရှားကအသာစီးဘက်မှာ ရှိကြောင်း ငြင်းချက်ထုတ်ပါတယ်။ အမေရိကန်တို့ လက်ထဲမှာ ရုရှားသူလျှိုဆယ်ဦး ရောက်ရှိခဲ့တဲ့အချိန်ကာလဟာ တိုတောင်းလွန်းတဲ့အတွက်ကြောင့် အမေရိကန်အနေနဲ့ သူတို့ကို စုံစမ်းစစ်ဆေးမှု အပြည့်အဝလုပ်နိုင်မှာ မဟုတ်ပေမယ့် အနောက်အုပ်စုသူလျှိုတွေကတော့ ရုရှားအကျဉ်းထောင်ထဲ၌ နှစ်ပေါင်းများစွာနေခဲ့ရပြီး ရုရှားအာဏာပိုင်များကလည်း ထိထိရောက်ရောက် စုံစမ်းစစ်ဆေးနိုင်မှာ ဖြစ်ကြောင်း စီအိုင်အေအရာရှိဟောင်း ဂျက်ရိုက်စ်က ဆိုပါတယ်။ သူလျှိုကစားပွဲတို့မည်သည် တိုးတိုးတိတ်တိတ်သာ လုပ်ဆောင်ရတဲ့လုပ်ငန်းသဘောရှိတာကြောင့် တစ်ခါ တစ်ရံ ဘယ်သူနိုင်လို့ ဘယ်သူရှုံးတယ်ဆိုတာ အကဲဖြတ်ဖို့ ခက်လှပါတယ်လို့ ဆိုပါတယ်။

အာဖဂန်ရဲ့ နိုင်ငံခြားတပ်များဆန့်ကျင်ရေး

နောက်ထပ်တင်ပြချင်တဲ့ နိုင်ငံတကာသတင်းရှုခင်းတစ်ကွက်ကတော့ ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး လီယမ်ဖော့စ်က အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ် ဆန်ဂျင်းဒေသမှာချထားတဲ့ ဗြိတိသျှတပ်ဖွဲ့တွေကို ရုပ်သိမ်းပြီး အမေရိကန်တပ်ဖွဲ့တွေက လစ်ဟာသွားတဲ့ ကွက်လပ်တွေကို ဝင်ရောက်ဖြည့်ဆည်းပေးမှာဖြစ်တယ်လို့ ဇူလိုင် ၇ရက်က ၂၀၀၁ခုနှစ် အာဖဂန်စစ်ပွဲ စတင်ချိန်ကစပြီး ဗြိတိသျှတပ်ဖွဲ့ဝင် ၃၁၃ဦး သေဆုံးခဲ့တဲ့အနက် ၁၀၀မှာ ဆန်ဂျင်းဒေသမှာ သေဆုံးခဲ့ရတာဖြစ်ပါတယ်။ အယောက် ၁၀၀ မြောက် ဗြိတိန်တပ်ဖွဲ့ဝင်ဟာ ကာကွယ်ရေးဝန်ကြီး လီယမ်ဖော့စ်ရဲ့ ကြေညာချက်ထွက်ပေါ်ပြီး နောက်တစ်နေ့မှာပဲ သေဆုံးခဲ့ရခြင်းဖြစ်ပါတယ်။

ဆန်ဂျင်းဒေသထိန်းချုပ်ရေးကို လက်လျှော့ပြီး ဗြိတိသျှတပ်ဖွဲ့တွေ ဆုတ်ခွာခဲ့ရတဲ့ အဓိကအကြောင်းရင်း တစ်ခုကတော့ အာဖဂန်နစ္စတန်နိုင်ငံမှာ နိုင်ငံခြားတပ်ဖွဲ့တွေကို ဆန့်ကျင်တိုက်ခိုက်နေသူတွေအား ထောက်ခံမှုတွေ တစ်နေ့တခြား တိုးပွားလာနေတာကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။

စစ်လွန်ကာလ အီရတ်နိုင်ငံမှ ကြေကွဲဖွယ်ပုံရိပ်များ

ဇူလိုင် ၅ရက်ထုတ် အေပီသတင်း တစ်ပုဒ်မှာ နှစ်၃၀ အတွင်း ကြုံတွေ့ခဲ့ရတဲ့ စစ်ပွဲတွေနဲ့ အကြောင်းမဲ့လူသတ်ပွဲတွေ၊ အုပ်စုကွဲများအကြား ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေကြောင့် ခင်ပွန်းသည်ဆုံးရှုံးပြီး ခိုကိုးရာမဲ့ ဘဝရောက်ခဲ့ကြရတဲ့ အီရတ်အမျိုးသမီးပေါင်း တစ်သန်းလောက်ရှိနေပြီလို့ ဖော်ပြထားပါတယ်။

ဖော်ပြထား

၂၀၀၃ခုနှစ်အတွင်း အမေရိကန်တပ်ဖွဲ့တွေ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်မှုနဲ့အတူ နောက်ဆက်တွဲ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ခင်ပွန်းသည်တွေ ဆုံးရှုံးပြီး မုဆိုးမဘဝရောက်ခဲ့ရတဲ့ အီရတ်အမျိုးသမီးဦးရေဟာ တစ်သိန်းကျော်ရှိတယ်လို့ အီရတ်အစိုးရရဲ့ စာရင်းဇယားတွေကို ကိုးကားပြီး အေပီသတင်းဌာနက ဖော်ပြထားပါတယ်။

၂၀၀၃ ခုနှစ်စစ်ပွဲလွန်ကာလ အီရတ်အစိုးရကလည်း ခိုကိုးရာမဲ့အမျိုးသမီးတွေကို ပေးတဲ့အကူအညီဟာ ဆင်ပါးစပ်နှမ်းပက်သလောက်သာရှိတာမို့ တိုင်းတစ်ပါးရဲ့ ဝင်ရောက်သိမ်းပိုက်မှုနဲ့ အီရတ်ရဲ့ ဒီမိုကရေစီအိပ်မက်များကတော့ မိဘမဲ့ကလေးတွေ၊ မုဆိုးမတွေ၊ အိုးအိမ်မဲ့တွေနဲ့ ဒုက္ခသည်တွေရဲ့ ညည်းညူသံများနဲ့ သောကမျက်ရည်များ အောက်မှာ မှေးမှိန်ကွယ်ပျောက်နေဆဲပါလို့ တင်ပြရင်း ဒီတစ်ပတ်ရဲ့ နိုင်ငံတကာသတင်းရှုခင်းအချို့ကို ထုတ်နုတ်ဖော်ပြလိုက်ရပါတယ်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အစိုးရရုံးတစ်ရုံးရှေ့မှာ ထောက်ပံ့ကြေးရရှိဖို့ စောင့်ဆိုင်းနေတဲ့ အီရတ်မုဆိုးမတစ်ဦး။

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ် အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ်ခွင့်ပြုကာလသုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားများသို့ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အားပေး သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၁

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အားပေးပြီး အထိမ်းအမှတ်ခရေပင်ကို စိုက်ပျိုးပေးသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အရိပ်ရပင်၊ ပန်းအလှပင်နှင့် သီးနှံပင်ပေါင်း ၁၀၀၀ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာ အသီးသီးတွင် ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အရိပ်ရပင်၊ ပန်းအလှပင်နှင့် သီးနှံပင်ပေါင်း ၁၀၀၀ စုပေါင်းစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ပျဉ်းမနားရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် နေပြည်တော် ဇမ္ဗူသီရိမြို့ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့သို့ လှည့်လည်ကြည့်ရှု စစ်ဆေး၍ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးပေးကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အရိပ်ရပင်၊ ပန်းအလှပင်နှင့် သီးနှံပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

အလားတူ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများသည် နေပြည်တော်လယ်ဝေးမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိကြပြီး သတ်မှတ်နေရာများ၌ အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးကြကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အရိပ်ရပင်၊ ပန်းအလှပင်နှင့် သီးနှံပင်များ စုပေါင်းစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် ဇူလိုင် ၁၁ရက်ကို သတ်မှတ်ထားသဖြင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးကောလိပ်များ၌သက်ဆိုင်ရာကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၏ ဦးဆောင်မှုတို့ဖြင့် သစ်ပင်ပန်းပင်များစိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးအပင်များ ရှင်သန်ကြီးထွားရေးအတွက် မြေဆွပေါင်းသင်ခြင်းများကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေးဟောပြော

ဘားအံ ဇူလိုင် ၁၁

ကရင်ပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇူလိုင် ၆ရက် မွန်းလွဲ ၁နာရီက ဘားအံမြို့ ကွန်ပျူတာတက္ကသိုလ်၌ကျင်းပရာ ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်နွယ်နွယ်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများတက်ရောက်ကြသည်။

ဟောပြောပွဲတွင် ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးသက် **(အပေါ်ပုံ)**နှင့် ကရင်ပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့တာဝန်ခံ ဒုတိယရဲမှူးစိန်ဝင်းတို့က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပညာပေးဟောပြော၍ အဆိုပါတက္ကသိုလ်အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ဝေသည့် မော်တော်ဆိုင်ကယ် အန္တရာယ်ဖြစ်မှုလျှော့နည်း ကျဆင်းရေးစာတမ်း၊ စာအုပ်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(ကြေးမုံ)

သစ်ပင်စိုက်ပျိုး

ဇူလိုင် ၁၁ ရက်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့တွင် အထက(၂)လသာ၌ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသူများ တပျော်တပါး သစ်ပင်စိုက်ပျိုးစဉ်။

(ကြေးမုံ)

ကြွက်နှင့် အခြားတိရစ္ဆာန်များမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများအကြောင်း သိကောင်းစရာ

ဒေါက်တာစိုးလွင်ငြိမ်း

ကျန်းမာရေးဝန်ကြီးဌာနဟာ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကူးစက်ရောဂါဖြစ်ပွားမှုများအား ဆောလျင်စွာ သတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်း (Early Warning and Resporse System) များကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံအချို့သို့ ကူးစက်ဖြစ်ပွားခဲ့သော ဆားစ်ရောဂါသည် မြန်မာနိုင်ငံတွင် လုံးဝဖြစ်ပွားခဲ့ခြင်းမရှိပါ။ ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း ကမ္ဘာအနှံ့သို့ ကူးစက်ပျံ့နှံ့ခဲ့သည့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ Pandemic(H1N1) 2009 ကိုလည်း ဖြစ်ပွားမှုအနည်းဆုံးနှင့် သေဆုံးမှုမရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယနေ့ကမ္ဘာပေါ်မှာ လူများစွာကို ရောဂါကူးစက်မှုရှိစေပြီး လူတို့၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှု၊ လူမှုရေး၊ ပညာရေးနဲ့ စီးပွားရေး ဆုံးရှုံးပျက်စီးမှုများ ဖြစ်ပေါ်စေသော ကူးစက်မြန်ရောဂါ (၇၅ ရာခိုင်နှုန်း) ကျော်ဟာ တိရစ္ဆာန်များကတစ်ဆင့် ကူးစက်လာတဲ့ရောဂါများ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အသစ်ဖြစ်ပေါ်လာသော ကူးစက်မြန်ရောဂါများနှင့် တိရစ္ဆာန်များမှတစ်ဆင့် လူသို့ကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကူးစက်ရောဂါတိုက်ဖျက်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ရောဂါတိုက်ဖျက်ရေးအဖွဲ့များ ဖွဲ့စည်းလေ့ကျင့် သင်တန်းပေးခြင်းနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်စေခြင်း၊ လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့ခြင်း၊ ကုသရေးလုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလို ဆောင်ရွက်ရာမှာ ရောဂါဖြစ်စေတဲ့ တိရစ္ဆာန်များရဲ့ သဘာဝနေထိုင်ကျက်စားမှုနှင့် ကပ်ရောဂါအသွင်ဖြစ်ပွားမှု၏ ကနဦးရောဂါလက္ခဏာများကို စောစီးစွာသတင်းရယူ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုမှု ပုံမှန်လုပ်ဆောင်ခြင်း၊ ကပ်ရောဂါအသွင် မဖြစ်ပွားစေရေးအတွက် လက်ဦးမှုရယူတုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားသေဆုံးမှုမရှိစေရေးအတွက် ထိရောက်တဲ့ကုသမှုလုပ်ငန်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုမှ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်ရေးအတွက် ကျန်းမာရေးသတိပေးချက်များစတဲ့ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို နည်းဗျူဟာများချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ ရာသီအလိုက်ဖြစ်ပေါ်နိုင်တဲ့ ကူးစက်ရောဂါများအတွက်လည်း ကျန်းမာရေး ပညာပေး နှိုးဆော်ချက်များကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသ နှိုးဆော်လျက်ရှိပါတယ်။

ယခုအခါမှာ ရာသီဥတု သိသာစွာပြောင်းလဲမှုဖြစ်စဉ်များကြောင့် ကမ္ဘာပေါ်တွင် လူ၊ တိရစ္ဆာန်နှင့် သစ်တော၊ မြစ်ချောင်းများပါမကျန် ပြင်းထန်တဲ့ ရာသီဥတုဒဏ်ရဲ့ နောက်ဆက်တွဲ ပြဿနာများ ဖြစ်ပေါ်ခံစားနေရပါတယ်၊ ဥပမာ အပူချိန်လွန်ကဲတဲ့ဒဏ်ကြောင့် လူတွေသာမက တိရစ္ဆာန်တွေမှာပါ အသက်ဆုံးရှုံးမှုတွေရှိခဲ့ပါတယ်။ တိရစ္ဆာန်များဟာ ရာသီဥတုပြောင်းလဲတဲ့ဒဏ်ကို ခံနိုင်ဖို့အတွက် သူတို့ရဲ့ နေထိုင်သွားလာစားသောက်မှုစရိုက်တွေ ပြောင်းလဲခဲ့သလို ရောဂါဖြစ်စေတတ်တဲ့ ခြင်၊ ယင် အပါအဝင် ပိုးမွှားများဟာလည်း သူတို့ရဲ့ နေထိုင်ပေါက်ပွား ရောဂါကူးစက်စေမှုအခြေအနေကို ပြောင်းလဲလာတဲ့ သဘာဝတွေရှိလာပါတယ်။ ဒါကြောင့်လည်း ယခင်က ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားခဲ့တဲ့ တောင်ပေါ်ဒေသလို နေရာတွေမှာ ယခုအခါ ရောဂါဖြစ်ပွားမှုများ ရှိလာတာကို တွေ့ရှိရပါတယ်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ မုန်တိုင်းဒဏ်ကို လူတွေနဲ့တိရစ္ဆာန်တွေ ထိတွေ့ခံစားခဲ့ကြရတယ်။ ဒီသဘာဝအန္တရာယ်တွေကလည်း တိရစ္ဆာန်များရဲ့ သဘာဝနေထိုင်စားသောက်မှု စရိုက်ကို ပြောင်းလဲစေပါတယ်။ ဥပမာ နာဂစ်မုန်တိုင်းကျရောက်ပြီး ရေကြီး၊ ရေလျှံမှုများဖြစ်ပွားပြီးတဲ့နောက် ဧရာဝတီတိုင်းအတွင်းမှာ ကြွက်ကောင်ရေ အဆမတန်များပြားလာတာကြောင့် ပြည်သူလူထုမှ မိမိတို့စိုက်ပျိုးသီးနှံများ မပျက်စီးစေရေးအတွက် ကြွက်နှိမ်နင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ရပါတယ်။ ဒီလိုကြွက်ပေါက်ဖွားမှု များပြားလာတာဟာ ၎င်းတို့ကို အစာအဖြစ်စားသုံးနေတဲ့ မြွေအရေအတွက်ဟာ မုန်တိုင်းဒဏ်ကြောင့် နည်းပါးသွားလို့ ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် ကြွက်တွေစားသုံးတတ်တဲ့ ပျိုးပင်နုတွေနဲ့ အခြားအပင်နုတွေဟာ ကြွက်ကောင်ရေ တိုးပွားမှုအတွက် အထောက်အကူပြုတယ်လို့ အချို့သုတေသီတွေက ဆိုကြပါတယ်။ ဒီဖြစ်စဉ်မှာလည်း ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဧရာဝတီတိုင်းအတွင်း ပလိပ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဖြစ်တဲ့ ကြွက်နဲ့ ကြွက်လှေးသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ပလိပ်ရောဂါကူးစက် ဖြစ်ပွားနိုင်တဲ့ အခြေအနေမရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် ကြွက်တွေဟာ ၎င်းတို့ ကျက်စားရာနေရာများသို့ လူများရောက်ရှိနေထိုင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ သုံးစွဲလာခြင်း၊ အသံလှိုင်း ပြောင်းလဲမှုဒဏ်ကို မခံနိုင်ခြင်းစသည်တို့ကြောင့် အုပ်စုလိုက်စားကျက် နေရာပြောင်းရွှေ့ခြင်းများ ပြုလုပ်လာကြပါတယ်။

အုပ်စုလိုက်ပြောင်းရွှေ့တဲ့အချိန်မှာ အချို့မိုင်နဲ့ချီပြီး ပြောင်းရွှေ့တတ်တဲ့အတွက် တစ်ကောင်နှင့်တစ်ကောင် အစာလုရာမှ ကိုက်ဖြတ်ခြင်းကြောင့် သေဆုံးမှုတွေရှိသလို ရေလျှံခြင်း၊ အဆိပ်မိခြင်းနှင့် လူတို့ရဲ့ ကြွက်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနဲ့ အခြားသောအကြောင်းများကြောင့် ကြွက်အများအပြား သေဆုံးမှုများရှိနိုင်ပါတယ်။

ကြွက်များသေဆုံးမှုနှင့် ပတ်သက်ပြီး ပလိပ်ရောဂါကူးစက်ပြန့်ပွားမှာကို စိုးရိမ်တဲ့အတွက် လူအများစုက ကြွက်သေဆုံးမှုကို စိတ်ဝင်စားမှု ပိုမိုများပြားပြီး ဂရုပြုမိလေ့ရှိကြပါတယ်။

ပလိပ်ရောဂါဟာ ပလိပ်ရောဂါပိုးကြောင့်ဖြစ်ပြီး အဲဒီပလိပ်ရောဂါပိုးတွေဟာ ပထမဆုံး ကြွက်ကို ရောဂါကူးစက်စေပါတယ်။ ပလိပ်ရောဂါဖြစ်နေတဲ့ ကြွက်ရဲ့ကိုယ်ပေါ်မှာရှိတဲ့ ကြွက်သန်းတွေဟာ ရောဂါရှိတဲ့ ကြွက်ရဲ့သွေးကို စုပ်ယူစားသုံးရာက ကြွက်သန်းများမှာ ရောဂါကူးစက်မှုရှိလာပါတယ်။ အဲဒီရောဂါရှိတဲ့ကြွက်တွေ ပလိပ်ရောဂါကြောင့်သေဆုံးပြီး (ကြွက်ကျ)ပြီဆိုရင် ဒီရောဂါပိုးစုပ်ယူစားသုံးထားတဲ့ ကြွက်သန်းတွေဟာ သေနေတဲ့ ကြွက်တွေဆီက သူတို့အတွက် အစာဖြစ်တဲ့ သွေးကိုမရနိုင်တာကြောင့် ကြွက်ခန္ဓာကိုယ်ပေါ်က စွန့်ခွာကြပြီး ထိတွေ့ကိုင်တွယ်တဲ့ လူတွေကို ကြွက်သန်းကိုက်ပြီး လူတွေကို ပလိပ်ရောဂါကူးစက်စေတာဖြစ်ပါတယ်။ လူတွေမှာ ရောဂါရရင် အပြင်းဖျားပြီး အကျိတ်ထွက်လေ့ရှိပါတယ်။

လူတို့၏ ကြွက်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်မှုကြောင့် ကြွက်များ သေဆုံးမှုမဟုတ်ဘဲ သဘာဝအလျောက် ကြွက်သေဆုံးမှုများရှိရင် ကြွက်ကျတယ်လို့သတ်မှတ်ပြီး ပလိပ်ရောဂါနဲ့ပတ်သက်တဲ့ ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ဒါကြောင့် သဘာဝအလျောက် ကြွက်ကျရင် ကျန်းမာရေးဌာနသို့ သတင်းပို့ဖို့ ညွှန်ကြားချက်တွေထုတ်ပြန်ထားသလို ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေနဲ့ပြဋ္ဌာန်းပြီး လိုက်နာ ဆောင်ရွက်စေလျက်ရှိပါတယ်။

မြန်မာနိုင်ငံတွင် တရားဝင်မှတ်တမ်းများအရ ၁၈၉၈ ခုနှစ် ဇွန်လတွင် မော်လမြိုင်ဆိပ်ကမ်းမြို့၌ အိန္ဒိယအမျိုးသားတစ်ဦးမှတစ်ဆင့် ပလိပ်ရောဂါ ကူးစက်ဖြစ်ပွားခဲ့ပါတယ်။ ပထမပိုင်းတွင် ပလိပ်ရောဂါဟာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွေမှာပဲ ကူးစက်ဖြစ်ပွားပြီး ၁၉၅၆-၆၅ခုနှစ်လောက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေမှာ ဖြစ်ပွားမှုနည်းပါးသွားပြီး မြန်မာနိုင်ငံ အထက်ပိုင်း အပူပိုင်းဇုန်ဖြစ်သော မြင်းခြံ၊ မန္တလေး ပတ်ဝန်းကျင်တွင် အဖြစ်များခဲ့ကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ ပလိပ်ရောဂါဖြစ်ပွားမှုဖြစ်စဉ်ကို ပြန်ကြည့်မယ်ဆိုရင် အဆုတ်ပလိပ်ရောဂါ (Pneumoinc Plague) ကပ်ရောဂါအသွင်ဖြင့် ငါးကြိမ် ဖြစ်ပွားခဲ့တာတွေ့ရှိရပြီး ၁၉၃၅ခုနှစ်တွင် သာယာဝတီ၊ ၁၉၃၇ခုနှစ်တွင် သထုံ၊ ၁၉၄၆ခုနှစ်တွင် ညောင်လေးပင်နှင့် ရန်ကုန်၊ ၁၉၇၄ခုနှစ်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့တို့မှာ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ပလိပ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ခဲ့တာကြောင့် မြန်မာနိုင်ငံတွင် ယနေ့အထိ နှစ်ပေါင်းများစွာ ပလိပ်ရောဂါဖြစ်ပွားကူးစက်မှုမရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနဟာ ပလိပ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအဖြစ် ကြွက်နှင့်ကြွက်လှေးသုတေသနလုပ်ငန်းများကို ပလိပ်ရောဂါဖြစ်ပွားကူးစက်နိုင်ခြေရှိတဲ့ နေရာဒေသများမှာ နှစ်စဉ် သုံးလတစ်ကြိမ် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၀ ခုနှစ် ဇွန်လအတွင်း မုတ်သုံရာသီဝင်ရောက်ချိန်ဖြစ်၍ မိုးသည်းထန်စွာ ရွာသွန်းမှုများရှိခဲ့ရာ နေရာအချို့တွင် မိုးကြီးခြင်း၊ ရေလျှံခြင်းများကြောင့် ကြွက်များသေဆုံးမှုရှိခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်တွင် ဖြူးမြို့နယ်၊ ကျောက်တံခါးမြို့နယ်နှင့် ပဲခူးမြို့နယ် အချို့နေရာများမှာ တောနေကြွက် ငါးကောင်မှ အကောင် ၂၀ အထိ သေဆုံးမှုများရှိခဲ့ရာ ကြွက်သေဆုံးမှုရှိသော နေရာတိုင်း၌ ကြွက်နှင့် ကြွက်လှေးများအား ပလိပ်ရောဂါရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းကို ရန်ကုန်မြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနတွင် ဓာတ်ခွဲစမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ပလိပ်ရောဂါပိုး မတွေ့ရှိရပါ။ ထို့အပြင် မြို့ကြီးများရှိ ဈေးများ၊ အိမ်များတွင်လည်း ကြွက်နှင့် ကြွက်လှေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကြွက်များတွင် ပလိပ်ရောဂါ သံသယမတွေ့ရှိရပါ။

မြန်မာနိုင်ငံတွင် ယနေ့အထိ လူတွင်ပလိပ်ရောဂါကူးစက်ဖြစ်ပွားမှု မရှိပါ။

ပလိပ်ရောဂါကူးစက်ဖြစ်ပွားမှု မတွေ့ရှိရသေးသော်လည်း ကြွက်ကျလျှင် သတင်းပို့ခြင်းနှင့် ပလိပ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနက ကြွက်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးသတိပေးနှိုးဆော်ချက်ကို သတင်းစာနှင့် ရုပ်မြင်သံကြားတို့တွင်ထည့်သွင်း၍ ပြည်သူလူထု၏ ကျန်းမာရေးအတွက် နှိုးဆော်ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အောက်ဖော်ပြပါ ကြွက်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါကာကွယ်ရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။ ။

ကြွက်မှတစ်ဆင့် ကူးစက်ရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏စားနပ်ရိက္ခာနှင့် ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏သန်းမှတစ်ဆင့် ကူးစက်ပြီး ကပ်ရောဂါဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့် ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍

(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝန်းကျင်တွင် ကြွက်များ ဝင်ရောက်ခိုအောင်းပေါက်ပွားမှုမရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက်သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါသံသယရှိသောကြွက်များကို စစ်ဆေးနိုင်ရန် နီးရာကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၇-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၅ ၇။ အတီးပြိုင်ပွဲ
- ၈း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ မြန်မာစာ၊မြန်မာစကား
- ၅း၁၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅း၂၀ ၈။ "မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက်သစ်ပင်စိုက်"
- ၅း၃၅ ၉။ တေးဂီတအစီအစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ဆိုကြမယ်၊ပျော်ကြမယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တို့အတူရှိစဉ်တုန်းက" (အပိုင်း-၃၄)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ တို့လက်တွေတွဲထား တေးဆို-Mဆိုင်း၊ တေးရေး- စိုးသီဟ(ရောင်စဉ်လှိုင်း)
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ)(အပိုင်း-၈)**
- ၁၉။ **"သုခုမရင်ပြင်"**
- ၂၀။ အစီအစဉ်ပြီး၏။

တောင်ငူမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဇူလိုင် ၁၁

တောင်ငူမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းအလှူနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မင်္ဂလာဈေးမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများစာရင်းကို ဇူလိုင် ၂၅ ရက်နောက်ဆုံးထား၍ ဦးထွန်းထွန်း(ဥက္ကဋ္ဌ-ဘုရင့်နောင်သက်န်းတိုက်)ဖုန်း-၅၄၃၉၅၈၊ ဦးတင်လှ(အတွင်းရေးမှူး)အမှတ်(၅၃) သုခလမ်း ကျောက်မြောင်းနှင့် ဒေါ်မြင့်မြင့်စန်း (ဘဏ္ဍာရေးမှူး)အမှတ်(၈) ပဏ္ဍိတလမ်း လှိုင်မြို့နယ်တို့သို့ ဆက်သွယ်လှူဒါန်းပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မိုးကုတ်မြို့နယ် ကြပ်ပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထီးချိုင့်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် မန္တလေးတိုင်းတို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၈ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်ရှိ စိုက်သင် ကျွန်းအထူးရှင်းလင်းဆောင်သို့ရောက်ရှိရာ စစ်ကိုင်းတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ကျွန်းနှင့် အခြားသစ်မာပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် ဗန်းမော်-ရွှေကူ-တွင်းငယ်-မိုးမိတ် လမ်းပေါ်ရှိ ပုဂ္ဂလိက ကြံစိုက်ခင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက အထွက်ကောင်း ကြံမျိုးများ စိုက်ပျိုးအောင်မြင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားကာ ကားလမ်းဘေးဝဲ၊ ယာတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းနေသည့် ကျွန်းပင်များ၊ ကြံစိုက်ခင်းများနှင့် ကျေးရွာများဖွံ့ဖြိုးစည်ပင်မှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တကောင်းတောင် နီကယ်စီမံကိန်းသို့ ရောက်ရှိရာ Myanmar CNMC Nickel Co., Ltd. မှ MD Mr. Wang Xiao Wei က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် သတ္တုကျိုစက်ရုံ တည်ဆောက်နေမှုနှင့် စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗန်းမော်-ရွှေကူ-တွင်းငယ်-မိုးမိတ် ကားလမ်းဘေး ဝဲ၊ ယာတစ်လျှောက် မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေမှုနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ကျွန်းစိုက်ခင်းများနှင့် လမ်းများတိုးတက်ကောင်းမွန်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး သပိတ်ကျင်းမြို့နယ် ပေါက်တပင်ရွာနှင့် ရှားတောရွာကြားရှိ ဒေါင်းပုံရေလွှဲမြောင်းကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဒေသတွင်း လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် သပိတ်ကျင်းမြို့နယ် တွင်းငယ် (၁၉) မိုင်စခန်းသို့ ရောက်ရှိပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် လမ်းလုပ်ငန်းများဆောင်ရွက်နေသည့် BOT လမ်းလုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံကာ လမ်းလုပ်ငန်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် သပိတ်ကျင်းမြို့နယ် တောင်လယ်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဒေသ၏ လိုအပ်ချက်များကို ပံ့ပိုးပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၉ ရက်တွင် မိုးမိတ်မြို့နယ်၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကုံကော်ပင်ကို စိုက်ပျိုးပေးပြီး သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မိုးမိတ်မြို့နယ် (၆)မိုင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မိုးမိတ်မြို့နယ် ရွှေသာယာရွာသို့ရောက်ရှိပြီး လမ်းတာဝန်ခံများအား တွေ့ဆုံ၍ လမ်းတံတားများ ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မိုးကုတ်-မိုးမိတ်လမ်းပိုင်းရှိ လမ်းတံတားများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လမ်းဘေးဝဲ၊ ယာတစ်လျှောက် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းတစ်လျှောက် လမ်းအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မိုးကုတ်မြို့ဖွံ့ဖြိုးစည်ပင်တိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုးကုတ်မြို့ရှိ မင်းဘုရားတောင် ချမ်းသာကြီးမြတ်စွာဘုရားရုပ်ပွားတော်နှင့် ဖောင်တော်ဦးမြတ်စွာဘုရားရုပ်ပွားတော်တို့အား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့နယ် ကြပ်ပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ကပိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတို့၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးများနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် သပိတ်ကျင်းမြို့နယ် ဖော့တော့ကျေးရွာအနီးရှိ မန္တလေး-မိုးကုတ်လမ်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် စဉ့်ကူးမြို့နယ် လက်ပံလှကျေးရွာရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရိပ်သာသို့ ရောက်ရှိကြပြီး ပြင်ဦးလွင်ခရိုင် အင်ဂျင်နီယာမှူးက မန္တလေး-မိုးကုတ်လမ်းနှင့် မိုးကုတ်-ကုန်းဝက်-မိုးမိတ်လမ်းများအား BOT စနစ်ဖြင့် လမ်းများပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကို လည်းကောင်း၊ တံတားတည်ဆောက်ရေးအဖွဲ့ (၁၄)မှ တာဝန်ရှိသူက ရတနာသိယ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

(သတင်းစဉ်)

ပြည်တောင်တန်းရေနံမြေ ဝန်ကြီး ဦးလွန်းသိ စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်း ရွှေတောင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်တောင်တန်းရေနံမြေသို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ ပြည်တောင်တန်းရေနံမြေ အထွေထွေမန်နေဂျာနှင့် အမှုဆောင် ဘူမိဗေဒအရာရှိတို့က လက်ရှိတူးဖော်လျက်ရှိသော တွင်းသစ် အမှတ်(၁၆၂)နှင့် (၁၆၃)တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ တွင်းသစ်တူးဖော်ရန် ပြင်ဆင်လျက်ရှိသော တွင်းသစ် အမှတ်(၁၆၄)နှင့် (၁၆၅)တို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဝန်ကြီးက ပြည်တောင်တန်းရေနံမြေအတွင်း 3 D Seismic တိုင်းတာချက်များအရ အလားအလာကောင်းသော ပေနက်ပျော်ဘွယ်ကျောက်စဉ်စုသဲကြောများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်ရန်ရည်ရွယ်၍ ယခုကဲ့သို့ ပေနက်တွင်းတူးစက်များ အသုံးပြုပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် မိမိတို့ဝန်ထမ်းများက တွင်းသစ်များအလိုက် သတ်မှတ်ကာလအတိုင်း ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ချမှတ်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် D3 T2 SR(2) ပေနက်တွင်းတူးစက်ဖြင့် တွင်းသစ် အမှတ်(၁၆၂)တူးဖော်နေမှုနှင့် D3 T2 SR (1) ပေနက်တွင်းတူးစက်ဖြင့် တွင်းသစ် အမှတ်(၁၆၃) တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ZJ 50 D ပေနက်တွင်းတူးစက်ဖြင့် တွင်းသစ် အမှတ်(၁၆၄)တူးဖော်ရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်တောင်တန်းရေနံမြေ၏ ထုတ်လုပ်ရေးသံကန်တန်း အမှတ်(၂)သို့ ရောက်ရှိကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး လေလွင့်မှုနည်းပါးရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို မှာကြားသည်။ ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက်ရုံသို့ရောက်ရှိ စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပြည်တောင်တန်းရေနံမြေသည် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တူးဖော်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသော ရေနံမြေတစ်ခုဖြစ်ပြီး ယခုအခါ အလားအလာပိုမိုကောင်းမွန်သည့် ပေနက်သဲကြောသစ် (Deeper Prospect) များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်ရန်ရည်ရွယ်ပြီး ပေနက်တွင်းတူးစက်ကြီးများ အသုံးပြုကာ တူးဖော်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်တောင်တန်းရေနံမြေ တွင်းသစ်အမှတ်(၁၆၃)အား D3 T2 SR(1) **ပေနက်တွင်းတူးစက်ဖြင့် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(စွမ်းအင်)

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကမ်းလွန်နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့များ စနစ်တကျ သုံးစွဲနိုင်ရန်အတွက် အဖျောက်မှ ပြည်သို့ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစနစ်များ ပြုပြင်သွယ်တန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ ဒဂုံမြို့နယ် အလက(၂)၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်း)ဒဂုံမြို့နယ် အလက(၂)မှ ကြီးမှူးကျင်းပသော ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် ဌာနပေါင်းစုံပါဝင်၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက အလက(၂) ဒဂုံကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်း)မှ ဦးစီးအရာရှိ ဦးစန်းဝင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့်တို့က သစ်ပင်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်ပညာရေးမှူးက စိုက်ပျိုးမည့် ပျိုးပင်များကို ကျောင်းသား၊ ကျောင်းသူများအား အတန်းလိုက် ခွဲဝေပေးအပ် စိုက်ပျိုးကြသည်။ **(ဓါပုံ)**

ထို့နောက် ဦးစီးအရာရှိ ဦးစန်းဝင်း၊ မြို့နယ်အတွင်းရေးမှူး ဒေါ်အေးသန္တာထွေး၊ မြို့နယ်ပညာရေးမှူး၊ လက်ထောက်ပညာရေးမှူး၊ ဒဂုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း ၁၀ ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက အရိပ်ရပင်၊ လေကာပင်၊ ပန်းအလှပင်၊ ဘယဆေးပင်၊ မျိုးစိတ် ၅၀ ပျိုးပင် ၁၁၅ ပင်အား ကျောင်းဝင်းအနှံ့ စိုက်ပျိုးကြသည်။ (၁၂၃)

နိုင်ငံတော်၌ ယခုအခါ တည်ငြိမ်ေ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်ရေးကို အ

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပင်မတမံရှုရပ်မှ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❖ **နိုင်ငံတော်မှ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓာတ်အားပေးစက်ရုံ၏ ထိန်းချုပ်ခန်း (Control Room)အတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဓာတ်အားထုတ်လုပ်မှု အခြေအနေနှင့် ဓာတ်အားထုတ်လုပ်မှုစနစ်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံရှင်းလင်းဆောင်၌ ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်ကို ကြည့်ရှုသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက စီမံကိန်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာတွင် ပြီးစီးပြီးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများ အချောသပ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှု အခြေအနေ၊ အမှတ်(၃) နှင့် အမှတ်(၄) ဂျင်နရေတာ၏ အစိတ်အပိုင်းများ တပ်ဆင်မှုအခြေအနေ၊ ယခုအခါ စက်အမှတ်(၁) နှင့် စက်အမှတ်(၂)တို့မှ ဓာတ်အားများ ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းပမာဏကြီးမား၍ ငွေကြေးမြောက်မြားစွာ ကုန်ကျခံပြီး အချိန်ကာလကြာ တည်ဆောက်ထားသည့် လုပ်ငန်းဖြစ်သဖြင့် သဘာဝဘေးအန္တရာယ်နှင့် လူကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်တို့မှ ကြိုတင်ကာကွယ်ရေး အစီအမံများကို စနစ်တကျ ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာလုပ်ငန်းများအလိုက် အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်မည့် မျိုးဆက်သစ်ပညာရှင်များအား မွေးထုတ်သွားရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာပညာရှင်များအား သစ်သီးခြင်းလက်ဆောင်များကို ပေးအပ်သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ စတင်၍ တည်ဆောက်ခဲ့ရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၉၆ ဒသမ ၄၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

မုံရွာစက်မှုဇုန်ခွဲ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ရှိ မုံရွာစက်မှုဇုန်ခွဲ (စစ်ကိုင်း) စက်မှုဇုန်ကြီးကြပ်မှုကော်မတီရုံးသို့ ရောက်ရှိသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မုံရွာစက်မှုဇုန်ခွဲ(စစ်ကိုင်း) အစည်းအဝေးခန်းမ၌ မုံရွာစက်မှုဇုန်ခွဲ(စစ်ကိုင်း) စက်မှုဇုန်ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ကုန်ထုတ်လုပ်မှုတင်ပြ

ရှေးဦးစွာ မုံရွာစက်မှုဇုန်ခွဲ (စစ်ကိုင်း) စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုမြင့်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်မှုဇုန်လုပ်ငန်းရှင်တစ်ဦးက ကုန်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အထူးအားပေး

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်အကြီးအကဲက နိုင်ငံအဆင့်အတန်းမြင့်မားဖို့ စက်မှုနိုင်ငံဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားပြီး စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအားပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အတတ်ပညာပိုင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုအပိုင်းနှင့် လုံ့လဝီရိယဆိုသည့် အပိုင်း(၃) ပိုင်းသည် အရေးကြီးကြောင်း၊ အတတ်ပညာပိုင်းဆိုင်ရာ ပညာရှင်များ မွေးထုတ်နိုင်ရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးထားကြောင်း၊ ငွေကြေးအရင်းအနှီး များများရှိရန် တစ်ဦးချင်းထက် အုပ်စုလိုက်၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ ကြီးမားသည့် လုပ်ငန်းကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များ ပြည်ပအားကိုးရန်မလိုဘဲ ကိုယ့်စွမ်းကိုယ့်အားဖြင့် လုပ်နိုင်

ရဲရွာရေအားလျှပ်စစ်စီမံကိန်းရှိ ရေလှောင်ကန်ကို တွေ့ရစဉ်။

(သတင်းစဉ်)

မုံရွာစက်မှုဇုန်ရှိ သီဟထွန်းကုမ္ပဏီလီမိတက်က ထုတ်လုပ်သည့် လယ်ယာသုံး အငယ်စားထွန်စက်များကို တွေ့ရစဉ်။

(သတင်းစဉ်)

အခါ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုများ ရှိနေပြီဖြစ်

ဖြစ် တည်ဆောက်ရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်လျက်ရှိ

နှင့် တက္ကသိုလ်များကို ဒေသများအတွင်းမှာပင် သင်ယူနိုင်ရန် စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ အဆိုပါကျောင်းများနှင့် တက္ကသိုလ်များတွင် မိမိတို့၏ သားသမီးများအား တက်ရောက်သင်ကြားစေလိုကြောင်း၊ မိမိတို့ထုတ်လုပ်သော ပစ္စည်းများ ခေတ်မီပြီး အရည်အသွေးကောင်းအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စားရေး၊ နေရေးနှင့် ဝတ်ရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းစက်များ ထုတ်လုပ်ရန် အကျယ်တဝင့်မှာကြားသည်။

ခရိုင်ချင်းဆက်လမ်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့အနီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဖောက်လုပ်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင် အမှတ်(၁)သို့ ရောက်ရှိသည်။

သော ခရိုင်ချင်းဆက်လမ်း အမှတ်(၃)၏ စစ်ကိုင်းတိုင်းအတွင်း ပါဝင်သော လမ်းပိုင်းဖောက်လုပ်နေမှု၊ လမ်းတစ်လျှောက် ဖြတ်သန်းသွားသည့် မြို့နယ်များ၊ တစ်ကြောင်းထိုးလမ်းအူကြောင်းဖောက်လုပ်ခြင်း၊ မြေသားလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်းနှင့် သစ်သားတံတားများ ဆောက်လုပ်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းပြီး အရည်အသွေးမီလမ်းများဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ခရိုင်ချင်းဆက်လမ်းများကို အမှီအခိုပြုသည့် ကျေးရွာချင်းဆက်လမ်းများကိုပါ တစ်ပါတည်း ဖောက်လုပ်ပေးသွားရန် မှာကြားသည်။

ပစ္စည်းထုတ်လုပ်မှု စက်ရုံသို့ ရောက်ရှိကြကာ သံရည်ကျိုစက်ရုံအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ နိုင်ငံတော်ဝန်ကြီးချုပ်က ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များအား စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ပစ္စည်းထုတ်လုပ်မှု စက်ရုံအတွင်း သီဟထွန်းကုမ္ပဏီလီမိတက်က ထုတ်လုပ်သည့် လယ်ယာသုံး အငယ်စားထွန်စက်များ၊ မုံရွာစက်မှုဇုန်နှင့် သီဟထွန်းကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစမ်းသပ်ထုတ်လုပ်သည့် 22HP တစ်လုံးထိုးဒီဇယ်အင်ဂျင်နှင့် စက်ပစ္စည်း အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ပမှ စက်အပိုပစ္စည်းများ

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မုံရွာစက်မှုဇုန်ရှိ သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံအတွင်း သီဟထွန်းကုမ္ပဏီလီမိတက်က ထုတ်လုပ်သည့် လယ်ယာသုံးအငယ်စား ထွန်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး
းအကဲ
င့်မားဖို့
းစားရ
ာကြား
းတက်
လျက်ရှိ
ဖွံ့ဖြိုး
ာပိုင်း၊
င်းနှင့်

စဉ်။
(စဉ်)

လုံ့လဝီရိယဆိုသည့် အပိုင်း(၃) ပိုင်းသည် အရေးကြီးကြောင်း၊ အတတ်ပညာပိုင်းဆိုင်ရာ ပညာရှင်များ မွေးထုတ်နိုင်ရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးထားကြောင်း၊ ငွေကြေးအရင်းအနှီး များများရှိရန် တစ်ဦးချင်းထက် အုပ်စုလိုက်၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ သို့မှသာ ကြီးမားသည့် လုပ်ငန်းကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များ ပြည်ပအားကိုးရန်မလိုဘဲ ကိုယ့်စွမ်းကိုယ့်အားဖြင့် လုပ်နိုင်

အောင် ကြိုးစားရမည် ဖြစ်ကြောင်း၊ နောင်ထုတ်လုပ်သည့် ပစ္စည်းများ သုံးစွဲသူအကြိုက်ဖြစ်ရန် လိုပြီး ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာ

အေးချမ်းမှု၊ လုံခြုံမှုများရှိနေပြီဖြစ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တည်ဆောက်ရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ်

ထုတ်ယူသုံးစွဲနိုင်ရန် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နည်းပညာရှင်များ လိုအပ်ကြောင်း၊ အလယ်အလတ် အတတ်ပညာရှင်

ရန်လည်း လိုကြောင်း၊ လိုအပ်သည့် ငွေကြေးအရင်းအနှီးကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၌ ယခုအခါ တည်ငြိမ်

ထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝအရင်းအမြစ်များရှိပြီးဖြစ်၍ အဆိုပါတို့ကို

များသာမက အဆင့်မြင့် နည်းပညာရှင်များ ပေါ်ထွန်းရေးအတွက် စက်မှုနှင့် နည်းပညာဆိုင်ရာ ကျောင်းများ

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်က စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အထိ ၃၄၁ မိုင် နှစ်ဖာလုံ ရှည်လျား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်း-မုံရွာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး မုံရွာစက်မှုဇုန်ရှိ သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့် စက်

ဝယ်ယူနေရမှုကို အစားထိုးသွားနိုင်ရန်၊ ထုတ်လုပ်သည့် စက်ပစ္စည်းများ၏ အရည်အသွေးနှင့် စပ်လျဉ်း၍ သုံးစွဲသူများအကြိုက် ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

❁ **ကျောဖုံးမှ**

ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက အမှာစကားပြောကြားရာတွင် ယခုလို ဇူလိုင်လ ၁၁ ရက်နေ့ ကျရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးသည် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားများကို လူဦးရေဆိုင်ရာ ပြဿနာများနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ဆက်နွှယ်မှုကို ပြည်သူလူထုအတွင်းတွင် ပိုမိုသဘောပေါက်နားလည်လာစေရန် ဦးတည်ချက်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ရာတွင် ယခုနှစ်ဆိုလျှင် (၂၁)ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်၊ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မိသားစုဝင်နိုင်ငံ တစ်နိုင်ငံ ပီပီ အလေးထားပါဝင်ဆောင်ရွက်နေမှုကို ပေါ်လွင်စေလျက်ရှိကြောင်း။

ယခုနှစ်ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်မှာ "Everyone Counts" **"မထပ်မကျန် မှန်ကန်မှု၊ အချက်အလက်တွေ စုံအောင်စု၊ လူဦးရေနှင့်ဖွံ့ဖြိုးမှု"** ဖြစ်ကြောင်း၊ ယခု ဆောင်ပုဒ်သည် ဖွံ့ဖြိုးတိုးတက်မှုအတွက် စာရင်းအင်းအချက်အလက်များ၏ အရေးပါမှုကို ပိုမိုလေးနက်စေရန် ဖော်ပြထားခြင်းဖြစ်ကြောင်း၊ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များ၊ စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိကျ မှန်ကန်သော စာရင်းအင်းအချက်အလက်များရရှိရေးသည် လူတစ်ဦးချင်းစီ၏ အရေးပါမှုကို နားလည်သဘောပေါက်စေရန်နှင့် စာရင်းများ ကောက်ယူရာတွင် မထပ်မကျန် အမှန်ရအောင် ပြည်သူလူထုက ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ထားခြင်းပင် ဖြစ်ကြောင်း။

အလေးထားဖော်ပြခဲ့

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်တည်ဆောက်ရာတွင် သဘာဝအရင်းအမြစ်များသာမက လူ့ စွမ်းအားအရင်းအမြစ်များပါ ပြည့်စုံရန် လိုအပ်ပါကြောင်း၊ လူ့ စွမ်းအားအရင်းအမြစ်များ ပြည့်စုံစေရန် လူမှုစီးပွား လိုအပ်ချက်များကို စီမံကိန်းများ၊ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရပါကြောင်း၊ ထိုသို့စီမံကိန်းလုပ်ငန်းများ၏ရလဒ်များသည် လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအချက်အလက်များ၏ ပကတိအခြေအနေ ကိုက်ညီမှုနှင့် တိကျမှန်ကန် ခိုင်မာမှုတို့ပေါ်တွင် များစွာတည်မှီနေပါကြောင်း၊ နိုင်ငံတကာ ဖွံ့ဖြိုးမှုညီလာခံ ချမှတ်လိုက်သည့်လမ်းစဉ်များမှာလည်း မှန်ကန်တိကျခြင်း၊ အချိန်အခါနှင့် ကိုက်ညီခြင်း၊ မိမိရေမြေဒေသ ယဉ်ကျေးမှုနှင့် ကိုက်ညီခြင်း၊ နိုင်ငံတကာနှင့် နှိုင်းယှဉ်နိုင်ခြင်း စသည့် အရည်အသွေးများနှင့်ပြည့်စုံသည့် အချက်အလက်များ ရရှိနိုင်ခြင်းသည် စီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်များ၏ ဖြစ်ထွန်းမှု၊ အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်အကဲဖြတ်မှုများပြုလုပ်ရာတွင် အရေးပါကြောင်းနှင့် အလေးထားဖော်ပြခဲ့ကြောင်း။

လူမှုစီးပွားဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း မည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်မည်ဆိုသည်ကို ထည့်သွင်းစဉ်းစားရန် ကောက်ယူမည့် အချက်အလက်များ ရွေးချယ်မှုသည် အလွန်အရေးပါပြီး လုပ်ငန်းအစီအစဉ်များရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေပါကြောင်း၊ အထူးသဖြင့် အမျိုးသမီးများ၊ ဆယ်ကျော်သက်များနှင့် စွမ်းဆောင်ရည်နည်းသည့် အုပ်စုများအကျိုးအတွက် ဖြစ်ပါကြောင်း။

လူဦးရေအချက်အလက်

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ် တည်ဆောက်ရေးအတွက် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ ယခုလို ဆောင်ရွက်သည့်နေရာမှာ လူဦးရေဆိုင်ရာ အချက်အလက်များသည် စီမံကိန်းများချမှတ်နိုင်ရေးအတွက် အခြေခံဖြစ်ကြောင်း၊ လူဦးရေဆိုင်ရာ အချက်အလက်ဆိုရာတွင် လူဦးရေနှင့် အရေအတွက်ဆိုင်ရာလက္ခဏာများဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏ လူဦးရေ အနည်းအများ၊ လူဦးရေတိုးနှုန်း၊ လူနေအစိပ်အကျဲ၊ ကျေးလက်နှင့် မြို့နေလူဦးရေ၊ အသက်အပိုင်းအခြားနှင့် ကျား၊ မအလိုက်လူဦးရေ၊ မွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ ပြောင်းရွှေ့နေထိုင်မှုနှုန်းများအပြင် လူဦးရေ၏ အရည်အချင်းဆိုင်ရာ လက္ခဏာများဖြစ်သည့် ပညာအရည်အချင်း၊ ကျန်းမာရေးအခြေအနေ၊ လုပ်သားအမျိုးအစား စသည့်အကြောင်းအရာများပါဝင်ကြောင်း၊ ကောက်ယူရရှိလာသည့် အချက်အလက်များအပေါ် အုပ်စုအလိုက်ခွဲခြားထားသည့် စာရင်းဇယားများကို အခြေခံထားပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကို စီမံကိန်းများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကာကွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel -Ahad က (၂၂)ကြိမ်မြောက် ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဆောင်ရွက်နေမှုများကို အနည်းငယ်ပြောကြားလိုကြောင်း၊ လူဦးရေစာရင်းအချက်အလက်များ တိကျမှန်ကန်စွာရရှိရေးအတွက် ပြည်သူ့အင်အားဦးစီးဌာနသည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ အကူအညီဖြင့် တစ်နိုင်ငံလုံးကိုကိုယ်စားပြုနိုင်သည့် စစ်တမ်းများကို ကောက်ယူခဲ့ကြောင်း၊ လူဦးရေပြောင်းလဲမှုနှင့် မွေးဖွားမှုစစ်တမ်းကို ၁၉၉၁ခုနှစ်တွင်လည်းကောင်း၊ မွေးဖွားမှုနှင့် မျိုးဆက်ပွား ကျန်းမာရေးစစ်တမ်းများကို ၁၉၉၇ခုနှစ်၊ ၂၀၀၁ခုနှစ်နှင့် ၂၀၀၆ခုနှစ်တို့တွင် လည်းကောင်း ကောက်ယူခဲ့ကြောင်း၊ ယခုလို ကောက်ယူခဲ့သည့် စစ်တမ်းများကရရှိသည့် လူတစ်ဦးချင်းစီ၏ အခြေခံအကြောင်းအချက်များ၊ အသက်(၁၅)နှစ်မှ (၄၉)နှစ်အတွင်းတွင် ရှိသည့် အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ၏ မွေးဖွားမှုနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အချက်အလက်များကို အခြေခံကာ ဆန်းစစ်လေ့လာသုတေသနပြုပြီး အစီရင်ခံစာများ၊ သုတေသနစာတမ်းများ ရေးသားပြုစု ထုတ်ပြန်ခဲ့ကြောင်း။

ပြည်သူ့အင်အားဦးစီးဌာနက ကောက်ယူခဲ့သည့် စာရင်းများအရ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသမှာနေထိုင်ကြပြီး ကျေးလက်နေပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သည့်အတွက် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍဟာ အချိုးအစားကြီးမားစွာ ပါဝင်နေကြောင်း တွေ့ရမှာဖြစ်ကြောင်း၊ သို့ဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနကလည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ စာရင်းအင်း အချက်အလက်များ ပိုမိုတိကျစွာရရှိနိုင်အောင် FAO ၏အကူအညီဖြင့် ၂၀၁၀ ခုနှစ်မှာ လယ်ယာသန်းခေါင်စာရင်းကောက်ယူရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း။

ကျေးဇူးတင်စကားပြောကြား

ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံဖြစ်သည့် စာရင်းအင်း အချက်အလက်များ ပြည့်စုံမှန်ကန်စွာရရှိရေး၊ ရရှိလာသော အချက်အလက်များအား ဆန်းစစ်လေ့လာရေး၊ ပြည်သူများသိရှိလာအောင် ထုတ်ပြန်ကြေညာနိုင်ရေး စသည့်လုပ်ငန်းစဉ်များကို ကူညီဆောင်ရွက်ပေးနေသော ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သည့် UNFPA, WHO, UNDP, UNICEF, FAO, WFPနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းစသည့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို ကျေးဇူးတင်ကြောင်းဖြင့် ပြောကြားလိုကြောင်း။

တိုက်တွန်းပြောကြား

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် မှန်ကန်သောအချက်အလက်များ ကောက်ယူရရှိနိုင်ရေးနှင့် ကောက်ယူရရှိလာသည့် အချက်အလက်များကို အခြေခံပြီး တိကျမှန်ကန်သည့် စာရင်းဇယားများပြုစုထုတ်ပြန်နိုင်ရေးကို ဦးတည်ပြီး ပြည်သူအားလုံး ဝိုင်းဝန်းပါဝင်ကြရန်ဆိုသည့် ကောင်းမြတ်သောရည်ရွယ်ချက်ကို ကိုင်စွဲကာ တစ်ဦးချင်းမှသည် ကမ္ဘာ့မိသားစုဝင်အားလုံး ကျန်းမာပျော်ရွှင်ဖွယ်ကမ္ဘာကြီးကို တည်ဆောက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel - Ahad က ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Thoraya Obaid ၏ ၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် ဝန်ကြီး ဦးမောင်ဦးက ၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဖိတ်ခေါ် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းစိန်က တက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel - Ahad က စာစီစာကုံးပြိုင်ပွဲ အလယ်တန်းအဆင့်နှင့် ပိုစတာပြိုင်ပွဲ အဆင့်(၅)တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပိုစတာပြိုင်ပွဲ အဆင့်(၄)နှင့် အဆင့်(၃)တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအားလည်းကောင်း၊ ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပိုစတာပြိုင်ပွဲအဆင့်(၂)နှင့် အဆင့်(၁)တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးမောင်ဦးနှင့်ဧည့်သည်တော်များသည် ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းနှင့် ပိုစတာပြခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်မှာ " မထပ်မကျန် မှန်ကန်မှု၊ အချက်အလက်တွေ စုံအောင်စု၊ လူဦးရေနေ့ ဖွံ့ဖြိုးမှု" (Everyone Counts) ဖြစ်သည်။

(သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်လယ်ဝေးတွင် သုည ဒသမ ၂၈ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၉၂လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၇၇ လက်မနှင့် မုဒုံမြို့၊ ကျိုက္ခမီမြို့နှင့် ညောင်တုန်းမြို့တို့တွင် ၁ ဒသမ ၆၉ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၁၂ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၂ ဒသမ ၆ ဒီဂရီစင်တီဂရိတ်)၉၁ ဒီဂရီဖာရင်ဟိုက်		၁၀-၇-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ဒသမ သုညဒီဂရီစင်တီဂရိတ်)၇၇ဒီဂရီဖာရင်ဟိုက်		၁၁-၇-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၁ရာခိုင်နှုန်း		၁၁-၇-၂၀၁၀
နေပူသည့်နာရီပေါင်း	၄ ဒသမ ၇ နာရီခန့်	၁၀-၇-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၁-၇-၂၀၁၀	Tr	မရှိပါ	မရှိပါ
၁-၁-၂၀၁၀ မှ	၈၂၅မမ	၉၄၄မမ	၁၁၀၄မမ
ယနေ့အထိ	(၃၂.၄၈လက်မ)	(၃၇.၁၆လက်မ)	(၄၃.၄၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၀-၇-၂၀၁၀ ရက် ၃း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာပို့စ်ဂျာနယ် အတွဲ ၂၊ အမှတ် ၂၆ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "မြေတစ်ပေပတ်လည်စျေး ရန်ကုန်မြို့လယ် ကျပ်သုံးသိန်း၊ ရန်ကုန်မြို့ပြင် ကျပ် ၅၀၀၀၊ အဆပေါင်း ၆၀ကွာဟမှုမျိုးမဖြစ်သင့်၊ ထောက်ကြန့်အလွန် ပဲခူးကားလမ်းနှင့် ပြည်ကားလမ်းကြား ပဲခူးအထိ နေရာတစ်လျှောက်သည် ရန်ကုန်မြို့တိုးချဲ့ရန် အကောင်းဆုံးနှင့် အလားအလာအရှိဆုံးနေရာဖြစ်၊ သီလဝါပတ်ဝန်းကျင်သည် စက်မှုလက်မှုလုပ်ငန်း တိုးချဲ့ရန်ကောင်းမွန်၊ ၂၀၁၀ ကုန်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ လာကြမည်ဖြစ်သည့်အတွက် နေစရာ၊ ရုံးနေရာ၊ စက်ရုံနေရာတွေ အများကြီးလိုတော့မည်" မျက်နှာဖုံးသတင်းဆောင်းပါး၊ "ဈေးကွက်စီးပွားရေးတွင် နိုင်ငံတကာပင်လယ်ရေကြောင်း ကုန်သွယ်ရေး အရေးပါ၊ မြန်မာ့ပင်လယ်ရေကြောင်းကုန်သွယ်ရေး တိုးတက်ကျယ်ပြန့်ရေးကြိုးပမ်း၊ CIF နှင့် FOB ဘယ်စနစ်နဲ့ပဲပို့ပို့ တင်ပို့ပေးနိုင်ဖို့က အဓိက"၊ "အာရှနိုင်ငံများ၏ စိုက်ပျိုးရေးလုပ်ငန်းကို ခြိမ်းခြောက်လာသည့် ကြွက်အန္တရာယ်" စသည့်ဆောင်းပါးများနှင့် မောင်ဝံသ၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ စောရွှေသန်း (အလုံ)၊ မောင်ပုဆိုးကြမ်းတို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀နှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မောင်စူးစမ်း၏"ရွေးကောက်ပွဲနှင့် လွှတ်တော်လမ်း ပြန်ဖြောင့်ခြင်းလော"နှင့် မောင်မောင်စိုး၏"စည်းရုံးလှုပ်ရှားနိုင်ငံရေးပါတီများ"ဆောင်းပါးတို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်ရပ်များ စသည့်ကဏ္ဍများကို ဖော်ပြထားသည်။

ထို့အပြင် "မိုးရာသီ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများရောင်းချပွဲ စံချိန်ချိုး"၊ ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် ဆန်စပါးလုပ်ငန်းအသင်းခွဲများ ဖွဲ့စည်းမည်ဟုဆို"၊ "ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်ပေါင်း ၂၆၀ရှိပြီ"၊ ဒလမြို့နယ် ကျေးရွာ ၂၃ရွာတွင် ဧက ၄၀၀၀၀ ကျော် မိုးစပါးစိုက်ပျိုးမှုရာခိုင်နှုန်း ၆၀ ပြီးစီး" စသည့် စိတ်ဝင်စားဖွယ်သတင်းများပါရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

၂၀၁၀ ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း နေရာယူကြပြီး ယခင်နှစ် ချန်ပီယံ မန္တလေးတိုင်း အမျိုးသားအသင်းက တံခွန်စိုက်ဒိုင်းကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပြန်လည်အပ်နှံသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားကာ **(အောက်ပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်၍ ပထမနေ့ပွဲစဉ်များကို စတင်ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ၂၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီတွင် အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပ သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ (ယနေ့)ကျင်းပမည်

သတင်းမှတ်စု
ဇော်မင်းအောင်(၁၀၇)

နေပြည်တော် ဇူလိုင် ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ဘောလုံးကွင်း(၁)၌ ဇူလိုင် ၁၂ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲကျင်းပလာခဲ့သည်မှာ စတုတ္ထ အကြိမ်အထိရောက်ရှိခဲ့ပြီး "နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ပျော်ရွှင်ကျန်းမာစေရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်မှုရရှိပြီး လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာ၌ အားသစ်အင်သစ်ဖြင့် ရွှင်လန်းတက်ကြွစေရန်"ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်း ဖြစ်သည်။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပွဲကြီးမှနေ၍ လက်ရှိကျင်းပလျက်ရှိသော(MNL)ပြိုင်ပွဲများတွင် လည်းကောင်း၊ နိုင်ငံလက်ရွေးစင် အဆင့်ထိလည်းကောင်း ရောက်ရှိသွားသော ဘောလုံးသမားများကို မှတ်မိသလောက်ဖော်ပြရလျှင်-

ကျော်ကိုကို(၁)(မြန်မာ့လက်ရွေးစင်)၊ မင်းမင်းသူ(မြန်မာ့လက်ရွေးစင်)၊ နိုင်းစိုးဝေ (လူငယ်လက်ရွေးစင်)၊ မင်းချစ်သူ (လူငယ်လက်ရွေးစင်)၊ မြတ်နိုင်အောင်(လူငယ်လက်ရွေးစင်)၊ သိန်းလင်းအောင်(လူငယ်လက်ရွေးစင်)၊ ကျော်ကိုကို(၂) (လူငယ်လက်ရွေးစင်)၊ စိုးပိုင်သွေး (လူငယ်လက်ရွေးစင်)၊ ပြည့်ဖြိုးကိုကို (လူငယ်လက်ရွေးစင်)၊ အောင်ဇော်လင်း (လူငယ်လက်ရွေးစင်)၊ ဝေဖြိုးလွင်(လူငယ်လက်ရွေးစင်)၊ငြိမ်းချမ်းအောင်(ဖွဲ့ကပင်)၊ မျိုးမင်းထွန်း(ဖွဲ့ကပင်)၊ ချစ်ကိုထွေး (ဖွဲ့ကပင်)၊ စမ်းဘို(ဖွဲ့ကပင်)၊ ဇင်ဘိုဝင်း(ဇေယျာရွှေမြေ)၊ပြည့်ဖြိုးအောင် (ဇေယျာရွှေမြေ)၊ ဇမ်ဘို(ဇေယျာရွှေမြေ)၊ နေလင်းထွန်း(ဇေယျာရွှေမြေ)၊ ရဲဖြိုးအောင်(ဂိုး)(ဇေယျာရွှေမြေ)၊ ပြည့်ဖြိုးဝေ(ဂိုး)(ဇေယျာရွှေမြေ)၊ သိန်းသန်းဝင်း (မကွေး)၊ ကောင်းမြတ်ဦး(မကွေး) စသည်တို့မှာ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲမှ မွေးထုတ်ပေးလိုက်သူများဖြစ်သည်။

၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကြီးတွင် ဝန်ကြီးဌာန (၃၅)သင်းအား အုပ်စု(၈) အုပ်စုခွဲ၍ ဇူလိုင် ၁၂ ရက်မှ သြဂုတ် ၇ ရက်အထိ ပထမအဆင့်အုပ်စုပတ်လည် ပြိုင်ပွဲများကို နေပြည်တော်ကွင်း(၁)၊ (၂) နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားပြိုင်ကွင်း၊ နေပြည်တော် လယ်ဝေးပြည်သူ့အားကစားကွင်းများ၌ ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သြဂုတ် ၁၁ရက်မှ ၂၆ရက်အထိ လည်းကောင်း၊ တတိယအဆင့်(ကွာတားဖိုင်နယ်)ရှုံးထွက် ပြိုင်ပွဲများကို သြဂုတ် ၃၀ရက်မှ စက်တင်ဘာ ၂ရက်အထိလည်းကောင်း၊ အကြိုဗိုလ်ပွဲ ပွဲစဉ်များကို စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်နေ့များတွင်လည်းကောင်း၊ တတိယနေရာလုပွဲကို စက်တင်ဘာ ၉ ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို စက်တင်ဘာ ၁၀ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပထမအကြိမ်မှ တတိယအကြိမ် အထိပြိုင်ပွဲဝင် ဝန်ကြီးဌာန (၃၅)သင်း အနက် ၂၀၀၇ ခုနှစ် ပထမအကြိမ် ပြိုင်ပွဲတွင် (ပထမ)စီးပွား/ကူးသန်းဝန်ကြီးဌာနအသင်း၊ (ဒုတိယ)ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်း၊ ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် ပြိုင်ပွဲတွင် (ပထမ)အားကစားဝန်ကြီးဌာနအသင်း၊ (ဒုတိယ) အလုပ်သမားဝန်ကြီးဌာနအသင်း၊ ၂၀၀၉ခုနှစ် တတိယအကြိမ်ပြိုင်ပွဲတွင် (ပထမ) အားကစားဝန်ကြီးဌာန၊ (ဒုတိယ) ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနတို့ဖြစ်သည်။

ထို့ပြင် မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်သော ကိုကို(နယ်စပ်/စည်ပင်)၊ သန်းတိုးအောင် (ဆောက်လုပ်ရေး)၊ ရဲထွဋ်(ဘဏ္ဍာ/အခွန်)၊ ကိုကိုဦး (စက်မှု-၁)၊ လှကြူ(စီးပွား/ကူးသန်း)၊ မင်းကြည်(ပြည်ထဲရေး)စသူတို့မှလည်း မိမိတို့ဝန်ကြီးဌာနအသင်းကို နည်းပြများအဖြစ် အားကြိုးမာန်တက် ဆောင်ရွက်လာပြီး အကြိတ်အနယ်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ကြည့်ကောင်းမည့် ပြိုင်ပွဲကြီးဖြစ်သည်။

မည်သို့ပင်ဆိုစေ ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲကြီးသည် မြန်မာ့ဘောလုံးလောက အဆင့်အတန်း မြင့်မားလာရေးအတွက် သွေးသစ်လောင်းပေးသော ပြိုင်ပွဲကြီးတစ်ခု ဖြစ်ကြောင်း ဆိုလိုက်ချင်ပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၇-၂၀၁၀ (တနင်္လာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ရတနသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "အာရုံမှန်တော့သဒ္ဒါမှန်တယ် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၆း၅၀ အံ့ဖွယ်တမူ "ဆဒ္ဒန်ဂူ"
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၄)**
၈း၃၀ Sports World (Global Football)
၈း၅၅ ပုဂံမှာတည်ရှိသည်
၉း၁၀ ပါသစ်နှင့် သူ၏ကဗျာသစ်လေးများ
၉း၂၀ Global Panorama
၁၀း၃၀ Activities In The City (M.Y Associates Co.,Ltd ၏ SKF Product Training)
၁၀း၄၅ စိတ်ကူးတို့နှင့်အနုပညာ
၁၁း၀၅ International Show Biz
၁၁း၂၀ နွယ်ငြိမ်းရဲ့သင်္ကေတ. . . မြန်မာ့အလှ
၁၁း၄၀ ဖွံ့ဖြိုးဝေဆာ သပြေတန်းရွာ ခြေလှေ့စက် လက်မှုပညာ
၁၁း၅၀ စာအုပ်ပြခန်း (တောကြောင်မောင်ကျော်ခဲနှင့် အခြားစာစုများ စာအုပ်ရေးသားသူ စာရေးဆရာကြည်စိုးထွန်းနှင့် တွေ့ဆုံခြင်း)
၁၂း၁၅ အံ့မခန်းမြန်မာ့ပန်းပုပညာလက်ရာ ရွှေကူတံကဲတော်ကြီး
၁၂း၂၀ တောင်ကလေးတွင် ကမ္ဗည်းတင်
၁း၀၀ "အာရုံမှန်တော့သဒ္ဒါမှန်တယ် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Celebrity choice (Bambino)
၃း၁၅ Activities In The City (M.Y Associates Co.,Ltd ၏ SKF Product Training)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၄)**
၄း၀၅ မူဟန်ကိုယ်စီ တေးကိုသီ
၄း၁၀ ပါသစ်နှင့် သူ၏ကဗျာသစ်လေးများ
၄း၂၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် (ဖြူစင်တဲ့နှလုံးသား) (ဇေယျ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည်) [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
၄း၄၀ စိတ်ကူးတို့နှင့်အနုပညာ
၄း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Dagon Centre Shopping Mall မိုးဦးရာသီမိသားစုပျော်ပွဲရွှင်ပွဲနှင့် ဈေးဝယ်သူအကြိုက် ကိုရီးယားဇာတ်လိုက်)
၅း၁၅ ပုဂံမှာတည်ရှိသည်
၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ International Show Biz
၆း၃၅ အနုပညာမိုးကောင်းကင်
၇း၀၀ စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ခြင်းပွဲ
၇း၂၅ စာအုပ်ပြခန်း (တောကြောင်မောင်ကျော်ခဲနှင့် အခြားစာစုများ စာအုပ်ရေးသားသူ စာရေးဆရာကြည်စိုးထွန်းနှင့် တွေ့ဆုံခြင်း)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Celebrity choice (Bambino)
၉း၀၀ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၄)**
၁၀း၀၀ ကျန်းမာသန်ထွားဉာဏ်မြင့်မား (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ)
၁၀း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၃၅ သဘာဝကပေးတဲ့အကျိုးအာနိသင် (ဖြူစင်တဲ့နှလုံးသား) (ဇေယျ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည်) [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
၁၀း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Dagon Centre Shopping Mall မိုးဦးရာသီမိသားစုပျော်ပွဲရွှင်ပွဲနှင့် ဈေးဝယ်သူအကြိုက် ကိုရီးယားဇာတ်လိုက်)
၁၁း၀၅ စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ခြင်းပွဲ
၁၁း၁၀ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
၁၁း၃၅ စေတနာအရင်းခံ မြန်မာ့တစ်သျှူးဘဏ်
၁၂း၀၀ ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိလာသောမြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
၁၂း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည) ၁၂-၇-၂၀၁၀ (တနင်္လာနေ့)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (မောရသုတ်+ဝဋ္ဋသုတ်) ဓမ္မပူဇာတေး
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ အမှတ်တရ တေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ လယ်ယာစီးပွား (စီးပွားဖြစ်ကန်စွန်းပင်) တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ မေတ္တာတွက်တာအလှကမ္ဘာ (ရွှေအိုးရောင်အလှ ရွှေအိုးရောင်မျက်နှာ)
၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ (သမုဒ္ဒရာရေနက်ထဲသို့ ပျံသန်းခြင်း)
၁၁း၄၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း (တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း)
၁၂း၂၀ တေးပဒေသာ
၁၂း၃၀ အားကစားသတင်းပဒေသာ
၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ ပညာရေးအစီအစဉ် (မူလတန်း-အင်္ဂလိပ်စာ) တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀ သောတရှင်လိုရာတေး
၅း၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (လက်စွယ်ငုပ်ခြင်း)
၅း၁၀ ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၁၅) ညနေခင်းတေးပဒေသာ
၆း၀၀ ညနေခင်းသတင်း
၆း၁၀ တေးချစ်သူရွှေးသီတေးပန်းချီ တေးပဒေသာ
၇း၀၀ နိုင်ငံတကာသတင်း
၇း၁၀ ရေဒီယိုဇာတ်လမ်းတွဲများ (ချစ်ခြင်း၏ပဥ္စလက်-ပထမပိုင်း) နိုင်ငံရေးဦးတည်ချက်
၇း၄၀ ပြုံးပဒေသာ(ဟာသကမ္ဘာ) တေးပဒေသာ
၈း၀၀ ပြည်တွင်းသတင်း
၈း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (သရုပ်ဆောင်ညီနန္ဒနဲ့ ဇနီး နန်းထိုက်အောင်)
၈း၃၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
၉း၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၉း၁၅ ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး။

STI ၏ Finance & Banking ဒီပလိုမာနှင့် အောင်လက်မှတ်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၁

STI သည် Finance & Banking ဒီပလိုမာနှင့် အောင်လက်မှတ် သင်တန်းကို မကြာမီဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါ သင်တန်းတွင် Financial Management, Financial Marketing နှင့် Banking ဆိုင်ရာ ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်သည်။

ယနေ့ခေတ် နိုင်ငံအသီးသီး၏ စီးပွားရေးသည် Finance နှင့် Banking ပညာရပ်များနှင့် များစွာဆက်စပ်မှုရှိရာ ဘဏ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု၊ Financial market ၏ တည်ဆောက်ပုံနှင့် Finance ၏ အခြေခံသဘောတရားတို့ကို သင်ကြားမည်ဖြစ်ပြီး ဆင်ခြင်သုံးသပ်ရန် အခြေခံဥပဒေသများကိုလည်း သင်ကြားပေးမည် ဖြစ်သည်။

Financial market တွင် မိမိအဖွဲ့အစည်း၏ Stock ဈေးကောင်းရရန်နှင့် ရင်းနှီးမြှုပ်နှံသူများ၏ တန်ဖိုးတိုးတက်စေရေး ပြုလုပ်ရန်မှာ ယင်းအဖွဲ့အစည်းရှိ မန်နေဂျာများ၏ တာဝန်ဖြစ်သည်။ သို့ဖြစ်ရာ မန်နေဂျာများ တတ်မြောက်ရမည့် Financial Markets, Money & Capital Markets, Securities & Derivatives တို့၏ သဘောတရားနှင့် အသုံးပြုပုံများ၊ Financial Intermediaries များ၊ ဘဏ်စီမံခန့်ခွဲမှုဆိုင်ရာများ (Retail, Wholesale Investment banking)၊ Risk management နှင့် Internal control အပြင် ဘဏ်ဥပဒေသအမျိုးမျိုးတို့ကိုပါ သင်ကြားရမည်ဖြစ်ရာ ယနေ့ခေတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများတွင် လုပ်ကိုင်မည့်သူများ အတွက် အထူးသင့်လျော်မည့် သင်တန်းဖြစ်သည်။

ယင်းသင်တန်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲတစ်ရပ်ကို Grand Plaza Park Royal Hotel ၌ ဇူလိုင် ၁၇ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ ကျင်းပမည် ဖြစ်ရာ စိတ်ပါဝင်စားသူများသည် အမှတ်(၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း၊ အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်သို့ လည်းကောင်း၊ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁နှင့် ၅၀၇၁၅၂ တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်းစာရင်းသွင်း အပ်နှံနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (ရန်ကုန်)၏ ဟောပြောပွဲ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အားလုံး သိရှိနားလည်ထားရန် လိုအပ်သော MFRS for SMEs (Part-VII) ခေါင်းစဉ်ဖြင့်ဟောပြောပွဲကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ် (၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇူလိုင် ၂၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်များဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ် ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်) ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဉရုဂွေးကို ခက်ခက်ခဲခဲအနိုင်ယူပြီး ဂျာမနီ တတိယရ

ဝင်းတင်(ကြေးမုံ)

ဂျိုဟန်နက်စဘတ် ဇူလိုင် ၁၁

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် တနင်္ဂနွေနေ့နံနက်ပိုင်းက ဉရုဂွေးနှင့်ဂျာမနီတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ တတိယ ရရှိခဲ့သည်။

ရင်ဆိုင်ခဲ့

ဂျာမနီအသင်းတွင် အဓိကကစားသမားများဖြစ်သည့် ကလိုဆေး၊ ပိုဒေါစကီးနှင့် ဖိလစ်လမ်းတို့ ပါဝင်ခြင်းမရှိဘဲ ဂျော့ဘတ်၊ ဒင်းနစ်၊ ဘိုတန်၊ ဖရက်ဒရစ်၊ ဂျန်ဆန်(တိုနီခရော့စ်)၊ မာတီဆက်ကာ၊ခီဒီယာ၊ အိုဇီ (တက်စီ)၊ ရှဝိန်းစတိုင်ဂါ၊ ကာကူး (ကီစလင်း)၊ မူလားတို့ဖြင့် ပွဲထွက်လာသည့် ဂျာမနီကို ဉရုဂွေးက မူဆလီယာ၊ ကာဆီရစ်၊ ဖူစီလီ၊ ဂိုဒင်၊လူဂါနို၊ ဂွန်ဇာလက်ဇ်၊ ပီရီယာ၊ ဒီယေဂိုပီရက်ဇ် (ဂရာဂါနို)၊ ကာဗာနီ(အဘူယူ)၊ ဒီယေဂိုဖော်လန်၊ ဆူရာရက်ဇ်တို့နှင့် ပြန်လည်ရင်ဆိုင်ခဲ့သည်။

ချေပဂိုး

ဉရုဂွေးအသင်းသည် ယခုပွဲတွင် ဂျာမနီအသင်းကို သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်စစ်ဆင်ရင်းခြေရည်တူ ကစားသွားနိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၁၉ မိနစ်တွင် ဂျာမနီ ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါ ဉရုဂွေး ကွင်းတစ်ဝက်မှအပြင်းကန်သွင်းရာ ဂိုးသမားနှင့်ထိပြီး ပြန်ထွက်လာသည့် ဘောလုံးကို မူလားက ကန်သွင်းပြီးဂျာမနီအတွက် ဦးဆောင်ဂိုး ရယူနိုင်ခဲ့သည်။ ပွဲချိန်၂၈ မိနစ်တွင် ရှဝိန်းစတိုင်ဂါထံမှ ဆူရာရက်ဇ် ဘောလုံးရယူသွားပြီး ဘယ်ခြမ်းမှပါလာသည့် ကာဗာနီထံထိုးပေးရာ ကာဗာနီက ဂျာမနီဂိုးပေါက်ထဲ ကန်သွင်းပြီး ချေပဂိုးရယူနိုင်ခဲ့သည်။

လေးကြိမ်မြောက်

ဒုတိယပိုင်းတွင် နှစ်သင်းလုံး ကစားပုံပိုပြီး မြန်ဆန်သွက်လက်လာခဲ့ခြင်းကြောင့် ပွဲက ကြည့်ကောင်းလာခဲ့သည်။ ပွဲချိန် ၅၁ မိနစ်တွင် ညာခြမ်းမှ ဂွန်ဇာလက်ဇ် ဂိုးရှေ့ထိုးပေးရာ ဒီယေဂိုဖော်လန်က မနားတန်း မြေထောက်ဘောကန်သွင်းပြီး ဂျာမနီကို ပြန်လည် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၆၅ မိနစ်တွင် ဂျန်ဆန်က ဂျာမနီအတွက် ချေပဂိုး နှင့် ၈၂ မိနစ်တွင် ခီဒီယာက ဂျာမနီအတွက်အနိုင်ဂိုးတို့ကို သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် ပွဲအပြီးတွင် ဂျာမနီက ဉရုဂွေးကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် လေးကြိမ်မြောက် တတိယဆုကို ရယူနိုင်ခဲ့သည်။ ဉရုဂွေးမှာမူ စတုတ္ထအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယခုပွဲ၏ အကောင်းဆုံးကစားသမားဆုကို ဂျာမနီအသင်းမှ ခီဒီယာ ရရှိသွားသည်။

အင်တာနက်။

အဖွင့်ဂိုး

ဂျာမနီအသင်းမှ မူလား အဖွင့်ဂိုး သွင်းယူစဉ်။

ဆရာဝန်အသင်း(ဗဟို) ဆီးနှင့်ကျောက်ကပ် ဆေးပညာအဖွဲ့ ဟောပြောပွဲကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဆီးနှင့်ကျောက်ကပ် ဆေးပညာအဖွဲ့က ကြီးမှူး၍ Zar & Zar Co.,Ltd. ၏ ပံ့ပိုးမှုဖြင့် ဇူလိုင် ၁၇ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ဆီးနှင့်ကျောက်ကပ် ဆေးပညာအဖွဲ့ (Myanmar Nephrourological Society) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတိုးလွင် ဦးဆောင်သော ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီးများက ပန်းသေ၊ ပန်းညှိုးရောဂါ(Impotency)နှင့် ကျားသွေးဆုံးခြင်း၊ ကျားဟော်မုန်းလျော့နည်းခြင်း (male andropause, male hormone deficiency)ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများမည်သူမဆို(ဝင်ကြေးပေးရန်၊မှတ်ပုံတင်ရန်မလို) တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရောင်စုံကြော်ငြာ အချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ရောင်စုံကြော်ငြာ အချပ်ပို နှစ်မျက်နှာ ပါရှိပါသည်။

ဇူလိုင် ၁၁ရက်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထိမ်းအမှတ်အဖြစ် အထက(၁)ကြည့်မြင်တိုင်၌ ကျောင်းကောင်စီ အသင်းငါးသင်း သစ်ပင်ပန်းမန် စိုက်ပျိုးပြိုင်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့် ကြည့်ရှုအကဲဖြတ်ပေးစဉ်။

(ကြေးမုံ)

လူပျောက်

မောင်ကြည်ဇော်ဦး အထက-၁၊ သန်လျင်သည် ၄-၇-၂၀၁၀ ရက် ည ၉ နာရီတွင် နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိပါက နတ်စင်တစ်ရာ၊ ဘုရားကုန်း၊ သန်လျင်မြို့သို့ အကြောင်းကြားပေးပါရန်။

ဦးထွန်းလွင်(နတ်စင်တစ်ရာ)
ဖုန်း-၇၀၉၁၈၅၊
၀၅၆-၂၂၇၅၈

INTERNET တစ်ပတ်ပရိသတ် အများဆုံး
နှင့် နည်းပညာလောက သတင်းထူးများ
ထွက်ပြီ

SMART RESOURCES
GCE 'O', 'A' (တာသာစုံ)
SAT I, II , IELTS, TOEFL
ITE / POLY ဝင်ခွင့်သင်တန်း
10% DISCOUNT & SCHOLARSHIP AVAILABLE
July, Oct
01-374747,09 542 8848
07-374748,09 543 8848

Education for All
Traders Hotel (Myanmar Ballroom – 2)
N.L.E.C

The Student's Digest

ဒေါက်တာဆရာမြင့် (စကြာမင်း)၏
ဗီသားစုကျန်းမာရေးနှင့် ဘီဗီတွင်းကုထုံးများ
သဘာဝဆေးဖယ်များနှင့် ရောဂါကုသနည်းများ

မူးယစ်ကင်းစင် အလှဆင်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍအချိုးအစားကြီးမားစွာပါဝင် လယ်ယာစိုက်ပျိုးရေး စာရင်းအင်းအချက်အလက်များ ပိုမိုတိကျစွာရရှိရန် လယ်ယာသန်းခေါင်စာရင်း ကောက်ယူရန်ပြင်ဆင်

နေပြည်တော် ဇူလိုင် ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကျင်းပသည့် (၂၂)ကြိမ်မြောက် ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တက်ရောက်အမှာစကားပြောကြားပြီး ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂအောက်ရှိ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁

၂၀၁၀ (၁၉)ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

ဥရောပချန်ပီယံမှ ကမ္ဘာ့ချန်ပီယံသို့

ဂျိုဟန်နက်စဘတ်စ် ဇူလိုင် ၁၁

တောင်အာဖရိကနိုင်ငံတွင် ကျင်းပခဲ့သော (၁၉)ကြိမ်မြောက် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ စပိန်နှင့် နယ်သာလန်တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ အဝါကတ်များ ပလူပျံခဲ့ပြီး နယ်သာလန်အသင်းမှ ဂျွန်ဟိုက်တင်ဂါ အနီကတ်ဖြင့် ထွက်ခဲ့ရသည်။ မိနစ် ၉၀ ပြီးဆုံး၍ အချိန်ပို ကန်ကြရာတွင် စပိန်ကွင်းလယ်ကစားသမား အင်နီယေစတာ၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ဥရောပချန်ပီယံ စပိန်သည် ကမ္ဘာ့ဖလားချန်ပီယံ ဖြစ်ခဲ့ပြီဖြစ်သည်။ စပိန်အသင်း၏ အနိုင်ဂိုးကို ပွဲချိန် ၁၁၆ မိနစ်တွင် အင်နီယေစတာက သွင်းယူခြင်းဖြစ်သည်။ ***အင်တာနက်။***

အမှာစကား ပြောကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး (၂၂)ကြိမ်မြောက် ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)